ရွှေတွင်းတူးကျေးရွာ
ဝွမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရွှေတွင်းတူးကျေးရွာ၊ ဝွမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


မာတိကာ ၁
စကားချီး ၄
ရွှေတွင်းတူးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဂွမြို့နယ် ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၇**

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇**
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်
( ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉**
(က)` တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား
( ခ ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀**
(က) လူဦးရေဆိုင်ရာ အချက်လက်များ
( ခ ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
( င ) ပညာရေးနှင့် ကျွမ်းကျင်မှုများ
( စ ) ကျားမဆိုင်ရာ ဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၂**
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
( ခ ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
( ဂ ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
( င ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
( စ ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
( ဇ ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု- လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
( ဈ ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၆**
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
( ခ ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၈**

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၉**

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၂၁
(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး
( ခ ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
( ဂ ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၅
**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၂၇
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
( ခ ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
( ဂ ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း** ၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း
( ခ ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
( ဂ ) နည်းပညာဆိုင်ရာ အကူအညီ
**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ** ၃၁
**(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ**
ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု
**(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**
ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေ ရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၃
ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၆
ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

**ရည်ညွှန်းချက်များ** ၇၅

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၇၆
စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ်အထိ (၅) နှစ် ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ/ သားများ ကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါတယ်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကိုတက် တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများ နှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။

ကျေးရွာလူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အ ချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂ ဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။ ယခုရေးဆွဲ ထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမို ကောင်းလာ မည်မှာသေချာပါသည်။


ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။ ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့် ပါသည်။ ဆက်လက်၍လည်းလုပ်ငန်းပိုင်းဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ် ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရွှေတွင်းတူးကျေးရွာ၊ ဂွမြို့နယ်

## ရွှေတွင်းတူးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဂွမြို့နယ်



## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### (၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

## (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ရွှေတွင်းတူးကျေးရွာသည် ဘင်္ဂလားပင်လယ်ကမ်းစပ်နှင့် (၅) ကီလိုမီတာ အကွာတွင်ရှိသော ကျေးရွာဖြစ်ပြီး၊ ရခိုင်ပြည်နယ်၏တောင်ဘက်ဖျားတွင်တည်ရှိပါသည်။ ကျေးရွာ၏နေအိမ် အဆောက်အဦးများသည် ရွာလယ်လမ်းမကြီး၏ တစ်ဖက်တစ်ချက်တွင်ရှိကြပြီး ရန်ကုန်-ဂွ-သံတွဲ ကားလမ်းမကြီးကို (၁) မိုင်ခန့်ရှည်လျားသော မြေသားလမ်းဖြင့်ဆက်သွယ်ထားပါသည်။ ကျေးရွာ၏မြောက်ဘက် (၂) မိုင်ခန့်အကွာရှိ ရခိုင်ရိုးမ၏တောင်စွယ်တောင်တန်းများနှင့် ကျေးရွာကြားတွင် လယ်ယာမြေများရှိကြပါသည်။ ကျေးရွာသည်တစ်နှစ်လျှင် မိုးရေချိန်လက္မ (၂၁၀) ဝန်းကျင်ရရှိပြီး ရာသီဥတုမှာ ပူအိုက်စိုစွတ်သောရာသီဥတု ဖြစ်ပါသည်။

ကျေးရွာ၏မြေပြင်အနေအထားမှာ ရခိုင်ရိုးမတောင်စွယ်များမှ ပင်လယ်ကမ်းစပ်သို့ တဖြည်းဖြည်းချင်း ညီညာပြန့်ပြူးစွာနိမ့်ဆင်းသွားသော အနေအထားဖြစ်ပါသည်။ စိုက်ပျိုးမြေ အမျိုးအစားမှာနုံးတင်မြေနုအများစုဖြစ်သော်လည်း တစ်ချို့နေရာများတွင် သဲများကျောက်စရစ်များရောနှောနေသည်ကိုတွေ့ရပါသည်။

## (ခ) သဘာဝအရင်းအမြစ်များ

စိုက်ပျိုးမြေများမှာ မြေဩဇာအထိုက်အလျောက် ကောင်းမွန်သောမြေများ ဖြစ်ကြပါသည်။ ကျေးရွာအနီးတွင် ညီညာပြန့်ပျူးသော ကျေးရွာပိုင်မြေလွတ်မြေရိုင်းများ မရှိခြင်းတို့ကြောင့် စိုက်ပျိုးမြေများထပ်မံ တိုးချဲ့ရန် မဖြစ်နိုင်ပါ။ကျေးရွာသည် လွန်ခဲ့သော(၁၅)နှစ်ခန့်က ကျေးရွာသားအချို့သည် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသော်လည်း တောင်ယာမြေများအရည်အသွေးများ ကျဆင်းလာခြင်း၊အကျိုးအမြတ်များ နည်းပါးလာခြင်းတို့ကြောင့် ယခုအခါရွှေ့ပြောင်းတောင်ယာလုပ်ကိုင်သူဟူ၍ မရှိတော့ပါ။ ကျေးရွာတွင်သောက်သုံးရေအတွက် မြေအောက်ရေချို အလွယ်တကူတူးဖော်ရရှိနိုင်သော်လည်း နွေရာသီတွင်ရေတွင်းအများစုသည် သောက်သုံးရေခန်းခြောက်မှုများရှိလာပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် သစ်ပင်ဝါးပင်ကြီးများ ရှားပါးပြီးထင်းလောင်စာအတွက်အခက်အခဲများရှိပါသည်။ ကျေးရွာဝန်ကျင်တွင် စိုက်ပျိုးရေရရှိနိုင်သောဆည်မြောင်းတာတမံများမရှိပါ။ နွား၊ ဆိတ်များအတွက် စားကျက်မြေ သတ်သတ်မှတ်မှတ်မရှိသော်လည်း လယ်ယာမြေများ အနီးအနားတွင်ရှိသော နွယ်၊ မြက်များမှာ တိရိစ္ဆာန်အစာအတွက် လုံလောက်မှုရှိပါသည်။ သဘာဝပေါက်ပင်များအနေဖြင့် မိုးသစ်တောပေါက်အပင်များ၊ ဒီရေတောသစ်ပင်များ ပေါက်ရောက်လေ့ရှိပြီး၊ (၅) ကီလိုမီတာ ကွာဝေးသောပင်လယ်ပြင်တွင် ရေငန်ငါးသယံဇာတများစွာ ရှိကြပါသည်။

## (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စု (၆၀) စုရှိပြီး လူဦးရေစုစုပေါင်း (၂၂၉) ဦးရှိပါသည်။ ပျမ်းမျှတစ်မိသားစုလျှင် (၄) ဦးနီးပါးရှိပါသည်။ အမျိုးသားနှင့် အမျိုးသမီးဦးရေအချိုးတွင် အမျိုးသားဦးရေသည်အမျိုးသမီးဦးရေထက် ၄.၈% ပိုများပါသည်။ ရခိုင်/ ဗုဒ္ဓဘာသာလူမျိုးများ အများဆုံးနေထိုင်ကြပြီးဗမာအနည်းငယ်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်သည် စုစုပေါင်းလူဦးရေ၏ ၆၂.၉% ရှိပြီးအသက် (၁၅) နှစ်အောက်နှင့် အသက် (၆၀) အထက်လူဦးရေသည်စုစုပေါင်း လူဦးရေ၏ ၃၇.၁% ရှိပြီး မှီခိုသူများ ဖြစ်ကြပါသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA) ကို အသုံးပြု၍ကျေးရွာမိသားစုများ၏ ဥစ္စာနေအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကိုတွေ့ရှိရပါသည်။ အိမ်ထောင်စု (၆၀) စု၏ ၆၃.၈% သည် ဆင်းရဲသည်ဟု ခံယူကြပါသည်။ ၃၆.၂% ခန့်မှာ ချမ်းသာသူများနှင့်အလယ်အလတ် အိမ်ထောင်စုများဖြစ်သည်ဟု ဆုံးဖြတ်ကြပါသည်။ အဆိုပါဆင်းရဲသည်ဟု သတ်မှတ်ထားသောသူများသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေနှစ်ဧကအောက် ပိုင်ဆိုင်သောသူများ၊ ကျပန်းအလုပ်သမားများ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ ဖြစ်ကြပါသည်။ ချမ်းသာသောမိသားစုများသည် စိုက်ပျိုးမြေ (၆)ဧကအထက် ပိုင်ဆိုင်သူများ၊ လက်တွန်းထွန်စက်၊ မော်တော်ဆိုင်ကယ်၊ လက်ကိုင်လွှစက်ပိုင်ဆိုင်သူများ၊ ကျွဲ/ နွားလေးကောင်နှင့် အထက်နှင့်ရွှေငါးကျပ်သားအထက် ပိုင်ဆိုင်သူများဖြစ်ကြသည်။ ကျွဲ၊ နွား၊ စိုက်ပျိုးမြေနှင့် ရွှေငွေလက်ဝတ်ရတနာပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ချမ်းသာ/ ဆင်းရဲမညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင် အိမ်ထောင်စု (၆၀) အိမ်ရှိသည့်အနက် (၄၁) အိမ်သည် ဥစ္စာနေခွဲခြားမှုပြုလုပ်ရာတွင် ဆင်းရဲနှင့် အဆင်းရဲဆုံးအိမ်ထောင်စုများဖြစ်သော အဆင့် (၃နှင့်၄) များ ဖြစ်ကြပါသည်။ ၎င်းအိမ်ထောင်စုများမှ (၁၄) အိမ်အား လွန်ခဲ့သော(၁)နှစ်က စားနပ်ရိက္ခာဖူလုံမှု အနေအထားနှင့်ပတ်သက်၍တွေ့ဆုံဆွေးနွေးရာတွင် အိမ်ခြေအားလုံးသည် နည်းလမ်းမျိုးစုံသုံး၍ နေ့စဉ်ထမင်းအနပ်ရေ (၃) နပ်ပြည့်မှီအောင်ကြိုးစားပြီး ဈေးနှုန်းချိုသာသောဆန်များကို အဓိကထားစားသောက်ကြပါသည်။ ဝမ်းစာဖူလုံရန်အတွက်အကြွေးတင်ရှိမှုမှာ ငါးသောင်းမှနှစ်သိန်းအထိ ရှိပါသည်။ (၁၄) အိမ်အနက် အိမ်ထောင်စု (၁၁) အိမ်သည် တစ်နှစ်လျှင်အများဆုံး (၃) လခန့်အထိ၊ (၃) အိမ်သည် (၅) လခန့်အထိ ငွေမချေးဘဲ၊ ဆန်မချေးရဘဲ အခြားသူများမှရိက္ခာထောက်ပံ့မှုမပါဘဲ ထမင်းကိုနေ့စဉ်ပုံမှန်အတိုင်း စားသုံးနိုင်သောကာလများဖြစ်ပါသည်။ ၎င်းတို့သည် တစ်နှစ်ပတ်လုံးဝမ်းစာဖူလုံစေရန်အတွက် ဆွေမျိုးသားချင်းများထံတွင်ချေးယူခြင်း၊ ရာသီလိုက်လုပ်ငန်းများ လုပ်ကိုင်ခြင်းဈေး

ဆိုင်များမှအကြွေးယူခြင်းများ ပြုလုပ်ရပါသည်။ ဝမ်းစာအခက်ခဲဆုံးကာလများမှာ နယုန်လမှ တော်သလင်းလအထိဖြစ်ပါသည်။

ဆင်းရဲသောမိသားစုအများစုသည် မြေယာပိုင်ဆိုင်မှု၊ ပုံမှန်ဝင်ငွေနှင့် အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံမှုကို ကြုံတွေ့ရနိုင်ပါသည်။ အလယ် အလတ်တန်း တောင်သူများနှင့်တောင်သူကြီးများသည် ၎င်းတို့၏လယ်ယာမြေများတွင် လေမုန်တိုင်းကျရောက် ချိန်တွင် မိုးများစွာရွာသွန်းခြင်းနှင့် လယ်ကွင်းများတွင် သီးနှံပိုးမွှားရောဂါများ ကျရောက်ခြင်းကဲ့သို့ သောသဘာဝဘေးအန္တရာယ်များကြောင့် သီးနှံအထွက်နှုန်းလျော့ကျစေနိုင်မှု အခြေအနေမြင့်မား ပါသည်။ ထို့ပြင် တောင်သူအများစုသည် ဓါတုမြေဩဇာသုံးစွဲလာကြသောကြောင့် မြေဆီလွှာအရည် အသွေးကို အတိုင်းအတာတစ်ခုအထိ ထိခိုက်လာပါသည်။ အချုပ်အားဖြင့် မုန်တိုင်းကျရောက်တတ် ခြင်းနှင့် ဝမ်းစာမဖူလုံမှုမှာကျေးရွာအတွက် ထိခိုက်လွယ်နိုင်ဆုံးသော အန္တရာယ်များပင်ဖြစ်ပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာရှိကလေးငယ်အများစုသည် ကျေးရွာသားဖွားဆရာမ၏ဂုဏ်ဆောင်မှုဖြင့် ရောဂါကာ ကွယ်ဆေးများပြည့်မီအောင် ရရှိကြပါသည်။ ကျေးရွာသူ/ သားများအားလုံး ယေဘုယျအားဖြင့် အာ ဟာရပြည့်ဝသည်ဟုဆိုနိုင်ပါသည်။ အဖြစ်များသောရောဂါများအနေဖြင့် သာမန်ရောဂါများဖြစ်သော သံကောင်စွဲရောဂါ ၊ဝမ်းပျက်ဝမ်းလျှောရောဂါ၊ တုတ်ကွေး၊ ငှက်ဖျားရောဂါတို့ဖြစ်ပါသည်။ လွန်ခဲ့ သော (၅) နှစ်ခန့်က ငှက်ဖျားရောဂါသည် ကျေးရွာတွင်အဖြစ်များပြီး လူသေဆုံးမှုများခဲ့သော်လည်း မြို့နယ်ကျန်းမာရေးဦးစီးဌာန၏အစီအစဉ်ဖြင့် ကျေးရွာငှက်ဖျားတိုက်ရေးလုပ်သား မွေးထုတ်ပြီး စနစ်တကျဆောင်ရွက်သောကြောင့် ငှက်ဖျားရောဂါဖြစ်ပွားမှုသည် တဖြည်းဖြည်းလျော့ကျသွား ပါသည်။ ငှက်ဖျားရောဂါခံစားရသည်ဟု သံသယဝင်ပါကသွေးဖောက်စစ်ဆေးခြင်း၊ ရောဂါပိုးတွေ့ရှိ ပါကဆေးရုံသို့စေလွှတ်ခြင်း၊ ဆေးစိမ်ခြင်ထောင်များအသုံးပြုခြင်း၊ ငှက်ဖျားရောဂါနှင့်ပတ်သက် သောဗဟုသုတများ ဖြန့်ဝေပေးမှုများပြုလုပ်ခြင်းကြောင့် ငှက်ဖျားရောဂါ ဖြစ်ပွားမှုမှာ သိသိသာသာ ကျဆင်းသွားပြီး ယခုအခါရောဂါဖြစ်ပွားသူ အနည်းငယ်သာ တွေ့ရ ပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျွန်ုပ်တို့ကျေးရွာတွင် စာမတတ်သူ (၉) ဦးခန့်ရှိပြီး အများစုစာရေးတတ်၊ ဖတ်တတ်ကြပါ သည်။ ဘုန်းတော်ကြီးသင်ပညာရေး (၂၂) ဦး၊ မူလတန်းပညာရေးပြီးဆုံးသူ စုစုပေါင်း (၈၄) ဦး၊ အလယ်တန်းပညာရေးပြီးဆုံးသူ (၄၁) ဦး၊ အထက်တန်းပညာရေးပြီးဆုံးသူ (၇) ဦး၊ ဘွဲ့ရ (၁) ဦးရှိ သော်လည်း ကျေးရွာသားအများစုသည် ဆင်းရဲခြင်းနှင့် သစ်ဝါးခုတ်ရသောလုပ်ငန်းသဘောသဘာ ဝအရပညာရေးကို အားပေးမှုနည်းပါးသည်ကိုတွေ့ရပါသည်။ ကျေးရွာ၏အဓိက အသက်မွေးဝမ်း ကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် သစ်၊ ဝါးခုတ်သောလုပ်ငန်းများကို အဓိက ထားလုပ်ကိုင်ကြပြီး ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲ စသည့်တိရစ္ဆာန်များကို မွေးမြူကြပါသည်။ စိုက်ပျိုး မြေမပိုင်ဆိုင်သောအိမ်ထောင်စုများမှာ ကျေးရွာရှိတောင်သူကြီးများအပေါ်တွင် အဓိကမှီခို၍အငှား

လုပ်သားများအဖြစ်လုပ်ကိုင်ကြပြီး ကျေးရွာသားအများစုမှာ မိရိုးဖလာစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှအပ အခြားသော အသက်မွေးဝမ်းကျောင်း ပညာရပ်များတတ်မြောက်မှု အားနည်းကြပါသည်။

### (စ) ကျား၊ မဆက်နွယ်မှု

ကျောင်းတောင်ကျေးရွာတွင် အလုပ်လုပ်နိုင်သောအရွယ် (အသက် ၁၅ နှစ် မှ ၆၀ နှစ်ကြား) အမျိုးသားဦးရေမှာ အမျိုးသမီးဦးရေထက် (၄.၂) ရာခိုင်နှုန်းခန့်ပိုပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသား/သမီးတစ်ဦးလျှင် လုပ်အားခအဖြစ် တစ်နေ့လျှင် (၂,၀၀၀) ကျပ် မှ (၃,၅၀၀) ကျပ်အလုပ်အမျိုးအစားပေါ်မူတည်ပြီး ရရှိကြပါသည်။ အမျိုးသားအများစုမှာ မြေပြင်ခြင်း၊ လယ်ထွန်ခြင်းနှင့် ပျိုးနုတ်ခြင်း၊ဓနိခုတ်ခြင်း စသည့်လုပ်ငန်းများတွင် အဓိကလုပ်ကိုင်ကြပြီး အမျိုးသမီးအများစုမှာ ကောက်စိုက်ခြင်း၊ လမ်းခင်းလုပ်ငန်းတွင်အငှားလိုက်ခြင်း၊ ဓနိရက်လုပ်ခြင်း (မိမိအိမ်တွင် အသုံးပြုကြရန်) စသည့် ရာသီအလိုက်ဝင်ငွေရလုပ်ငန်းအမျိုးမျိုးကို လုပ်ကိုင်ကြပြီး သစ်၊ ဝါးခုတ်သောလုပ်ငန်းများကို အမျိုးသားများကသာလုပ်ကိုင်ကြပါသည်။ ကျေးရွာ၏အရေးကြီးသော ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများပူးပေါင်းပါဝင်မှု အားနည်းလေ့ရှိပြီး လက်ရှိအခြေအနေတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူလတ်ပိုင်းအမျိုးသားများကသာ ဦးဆောင်လေ့ရှိကြပါသည်။ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့မရှိသောကြောင့် အမျိုးသမီးရေးရာအဖွဲ့သည် ကျေးလက်ကျန်းမာရေးဌာနနှင့်ချိတ်ဆက်၍ ငါးနှစ်အောက်ကလေးများကျန်းမာရေးအတွက် ကာကွယ်ဆေးများပြည့်မီစွာရရှိနိုင်ရန် ဆောင်ရွက်ကြပါသည်။

## (၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ရွှေတွင်းတူးကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့များမှာ ကျေးရွာလူငယ်အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ဂေါပကအဖွဲ့၊ ကျောင်းကော်မီတီတို့ ဖြစ်ကြပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်အတူ ပူးပေါင်း ဆောင်ရွက်ကာကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက် ကြပါသည်။ ကျေးရွာတွင် လူငယ်ဖွံ့ဖြိုးရေးအဖွဲ့ကို ခေါင်းဆောင်(၅)ဦး မှဦးဆောင်၍ စတင်ဖွဲ့စည်းပြီး ယခုအခါ အဖွဲ့ဝင်(၃၀)ဦးထိရှိလာကာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး ကိစ္စရပ်များတွင် တက်ကြွစွာဆောင်ရွက်ကြပါသည်။ကျေးရွာပြည်သူ့စစ်အဖွဲ့ကို မြို့နယ်မှ ညွှန်ကြားမှုဖြင့်ဖွဲ့စည်းထားသော်လည်း အမှန်တကယ်တွင် များစွာအထောက်အကူမပြုကြပါ။ ကျေးရွာ၏ လုံခြုံရေး၊ စည်ပင်သာယာရေး နှင့် စီမံခန့်ခွဲရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ကသာဦးဆောင်၍ ဆောင်ရွက်ပါသည်။ ကျေးရွာသားအများစုမှာ မိုးဦးကာလထွန်ယက်စိုက်ပျိုးချိန်မှအပ ကျန်အချိန်များတွင် သစ်ဝါးခုတ်ရန်အတွက်တောတောင်များသို့ အတက်အဆင်းလုပ်ခြင်းကြအားဖြင့် အချိန်ကုန်လေ့ရှိကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကျေးရွာသားများအားလုံး လူစုံအောင်ဆောင်ရွက်ရန်အခက်အခဲများရှိတတ်ပြီး ကျေးရွာအတွက်ဆုံးဖြတ်ချက်များချမှတ်ရာတွင် ကျေးရွာနာယကများနှင့် အုပ်ချုပ်ရေးအဖွဲ့တို့မှ ဆုံးဖြတ်လေ့ရှိကြပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ကုန်းလယ် (၆၂) ဧကခွဲ မိုးရာသီ၌စပါးကို စိုက်ပျိုးပြီး စပါးအထွက်နှုန်းမှာ (၁) ဧကလျှင် (၄၀) တင်းဝန်းကျင်ထွက်ရှိပါသည်။ ဆောင်းရာသီတွင် ကျန်ရှိသောမြေအစိုဓာတ်ပေါ် မူတည်၍တစ်ချို့လယ်များ၌ မြေပဲ၊ ငရုတ်နှင့် မီးဖိုချောင်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ကြပါသည်။ ကျေးရွာ၏အဓိကသီးနှံမှာ စပါးကို မိုးသီးနှံအဖြစ်စိုက်ပျိုးကြပြီး မြေပဲနှင့်ငရုတ်ကို ဆောင်းသီးနှံ အဖြစ် စိုက်ပျိုးကြပါသည်။ စပါးမျိုးအနေဖြင့် ဒေသမျိုးများဖြစ်သော ကရင်မ၊ ရိုးကြီး၊ ယာထွန်းတို့ ကိုရေနက်ကွင်းလယ်မြေများတွင် စိုက်ပျိုးကြပါသည်။ မြေပဲသည် တစ်ဧကလျှင် (၅၅) တင်းဝန်း ကျင်ထွက်ရှိပါသည်။ ကျေးရွာသူရွာသားများ၏ ဥယျာဉ်ခြံမြေများမှ အုန်း၊ ကွမ်းသီးပင်၊ သီဟိုရ်ပင် နှင့်ဝါးများထွက်ရှိကြပြီး ကွမ်းရွက်ကို ရွှေတွင်းတူးကျေးရွာတွင် ရေချောင်းနှင့်နီးသော ယာမြေများ၌ လွန်ခဲ့သော (၄) နှစ်ခန့်မှစတင် စိုက်ပျိုးထုတ်လုပ်ကြပါသည်။ ကွမ်းရွက်များကို ဒေသတွင်းရောင်းချ နိုင်ပြီးကွမ်းအညွန့်များကို ဧရာဝတီတိုင်းမှ လာရောက်ဝယ်ယူကြသကဲ့သို့ ကွမ်းစိုက် တောင်သူများ ကိုယ်တိုင်လည်းသွားရောက်၍လည်း ရောင်းချလေ့ရှိကြပါသည်။ နွားကို အိမ်ထောင်စုမှာ (၉) စုမှ နွားကောင်ရေ စုစုပေါင်း (၂၁) ကောင်၊ ကျွဲကိုအိမ်ထောင်စု (၅) စုမှ အကောင်ရေစုစုပေါင်း (၁၅) ကောင်မွေးမြူထားပါသည်။ ကျွဲ၊ နွားမွေးမြူရေးသည် ကျေးရွာသားများအတွက် မိရိုးဖလာလုပ်ငန်း ဖြစ်ပြီး လယ်ယာလုပ်ငန်းခွင်တွင် ခိုင်းစေရန်နှင့် ကျွဲ၊ နွား အကောင်ငယ်များကို ရောင်းချနိုင်အတွက် မွေးမြူကြပါသည်။ အိမ်ခြေ (၂၀) အိမ်မှ ဝက်ကောင်ရေစုစုပေါင်း (၃၆) ကောင်ကို မိသားစုစားသုံး ရန်နှင့် အိမ်တွင်းအသုံးစရိတ်အတွက် မွေးမြူကြပါသည်။

## (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာရှိကျပန်းလုပ်သားများသည် သစ်ခုတ်ခြင်း၊ ထင်းခုတ်ခြင်း၊ ဝါးခုတ်ခြင်း၊ လမ်းခင်း ခြင်း၊ မျှစ်ချိုးခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ သို့သော် တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေရ သောအလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးကြပါသည်။တောသစ်ခုတ်ခြင်းလုပ်ငန်းသည် ကျေးရွာ သားများအတွက်မိသားစုဝင်ငွေအတွက် အထောက်အပံ့ပေးသောလုပ်ငန်းဖြစ်သော်လည်း၊ တော သစ်များရှားပါးလာခြင်း၊ ဥပဒေအရခွင့်ပြုထားသော လုပ်ငန်းမဟုတ်ခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုမရှိ ခြင်းတို့ကြောင့် ကျေးရွာသားတိုင်းတွင်တွင်ကျယ်ကျယ် မလုပ်နိုင်ကြပါ။ ရေငန်ငါးဖမ်းခြင်းလုပ် ငန်းသည် မြေမဲ့ယာမဲ့နှင့် ကျပန်းလုပ်သားများအတွက် ဝင်ငွေရနိုင်သောလုပ်ငန်းဖြစ်ပြီး ကျေးရွာနှင့် (၅) ကီလိုမီတာခန့်ကွာသော ပင်လယ်ပြင်တွင်ရေသယံဇာတများစွာရှိပါသည်။ သို့သော် ကျေးရွာ သားများသည် အတွေ့အကြုံနှင့်ငွေအရင်းအနှီးမရှိခြင်းတို့ကြောင့် ရေငန်ငါးဖမ်းလုပ်ငန်းကို မဆောင် ရွက်နိုင်ကြပါ။ ဒေသတွင်းနွားရောင်းဝယ်ခြင်း ဈေးကွက်သည်အခွင့်အလမ်းတစ်ခုအနေဖြင့် ရှိနေ သော်လည်း ကျေးရွာသားများအတွက် ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်မခန့်မှန်းတတ်ခြင်းစသော အခက်အခဲများစွာရှိကြပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာသည်ပင်လယ်နှင့် နီးကပ်လွန်းသောကြောင့်လေပြင်း မုန်တိုင်းအန္တရာယ်များ နှစ်စဉ်နီးပါးကြုံတွေ့နေရသော်လည်း စနစ်ကျသောမုန်တိုင်းဒဏ် ကာကွယ်သည့်အစီအစဉ်များ ချမှတ်မထားပါ။ မိုးများလွန်းချိန်၌ တောင်ကျရေနှင့်အတူ သဲ၊ ကျောက်စရစ်များ တောင်စွယ် တောင်တန်းများနှင့် နီးကပ်သောလယ်ယာမြေများထဲသို့ ကျရောက်တတ်သောကြောင့် မြေပိုင်ရှင်များသည် တောင်ကျချောင်း ရေတားတမံငယ်များပြုလုပ်ပြီး ပျက်စီးဆုံးရှုံးမှုနည်းပါးအောင် ကြိုးစားကြပါသည်။ ကျေးရွာသားများသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းကစပြီး ကျေးရွာရှိနေအိမ်များတွင်အသုံးပြုရန်နှင့် အချို့ကိုရောင်းချရန်အတွက် တောသစ်များကို ခုတ်ယူခဲ့ကြသော်လည်း သစ်ပင်များ ပြန်လည်စိုက်ပျိုးမှုအားနည်းခြင်း၊ အဆမတန် သစ်ထုတ်လုပ်ခြင်းတို့ကြောင့် ယခုအခါ သစ်တောများ သိသိသာသာ ပြုန်းတီးလာပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ချေးငွေရရှိမှုနှင့် ဘဏ်ဝန်ဆောင်မှုကဏ္ဍများသည် ယေဘုယျအားဖြင့် ကျေးရွာသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရေးကြီးပါသည်။ ကျေးရွာသားများအတွက် ချေးငွေရရှိနိုင်သောအသင်းအဖွဲ့မှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် မိတ်ဆွေ/ ဆွေမျိုးများတို့ဖြစ်ပါသည်။ ရွှေငွေရတနာရှိသူများအတွက် ဂွမြို့နယ်ရှိ ပုဂ္ဂလိကအပေါင်ဆိုင်များတွင် တစ်လလျှင် (၃) ရာခိုင်နှုန်းဖြင့် ချေးငွေရရှိနိုင်ပါသည်။ လယ်မြေပိုင်ဆိုင်မှုအထောက်အထားရှိ တောင်သူများအနေဖြင့်ဂွမြို့တွင်ရှိသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB) မှ တစ်လလျှင် (၁.၄၂) ရာခိုင်နှုန်းဖြင့်အများဆုံး (၆) လအထိ ငွေချေးနိုင်ပါသည်။ ကျေးရွာစိုက်ဘဏ်ကော်မတီ၏ ဦးဆောင်မှုဖြင့် MADB ဘဏ်မှ လယ်မြေတစ်ဧကလျှင် ငွေကျပ် (၁) သိန်းနှုန်းဖြင့် လယ်သမား (၂၀) ဦးမှ ချေးငွေများချေးယူထားကြပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာမူလတန်းကျောင်း၏ လက်ရှိအခြေအနေမှာ နိုင်ငံတော်အစိုးရ အထောက်အပံ့ဖြင့် ၂၀၁၄ ခုနှစ်တွင် (၂၁၆) သိန်းအကုန်အကျခံကာ တည်ဆောက်သော ကွန်ကရစ်တစ်ထပ်အဆောက်အဦးဖြစ်ပါသည်။ ကျောင်းသား/ သူအားလုံးအတွက် ကျောင်းအိမ်သာ (၂) လုံးရှိကာလုံလောက်မှုရှိပါသည်။ ကျေးရွာမှ (၄) တန်းအောင်ကျောင်းသားများသည် အလယ်တန်းပညာရေး ဆက်လက်သင်ကြားနိုင်ရန်အတွက် (၅) ကီလိုမီတာကွာဝေးသော ညောင်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် သွားရောက်ရပါသည်။ ကျေးရွာမူလတန်းကျောင်းတွင် ဗီရို၊ စာသင်ခုံ၊ စားပွဲစသောသင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိသည့်အပြင် အတန်းလိုက်အခန်းများ ကန့်ထားခြင်းမရှိသောကြောင့် ကလေးများပညာသင်ကြားရာတွင် သက်တောင့်သက်သာ မရှိကြပါ။ ထို့ပြင် ကျောင်းကိုခြံစည်းရိုးဖြင့် ကာရံထားခြင်းမရှိသောကြောင့် ကျွဲ၊ နွားများ ကျောင်းဝန်းအတွင်းသို့ မကြာခဏဝင်ရောက်လာတတ်ပါသည်။ ကလေးများအတွက် ဘောလုံးကွင်းအဖြစ် ကျောင်းရှေ့တွင်ရှိသောမြေကွက်လပ်ကို အသုံးပြုကြပါသည်။လက်ရှိစာသင်ကျောင်းတွင် ဆရာ/ဆရာမ (၅)ဦးရှိပြီး

မူလတန်းအဆင့် ကျောင်းသား/သူ (၁၉) ဦးရှိသောကြောင့် ဆရာမများလုံလောက်မှုရှိပါသည်။ ကျောင်းများစတင်ဖွင့်လှစ်ချိန်တွင် နိုင်ငံတော်မှကျောင်းသုံးပုံနှိပ်စာအုပ်များ ပံ့ပိုးပေးထားသည့်အတွက်လုံလောက်မှုရှိပါသည်။ ကျေးရွာစာသင်ကျောင်းတွင် မသန်စွမ်းသူများအတွက် အထူးပညာရေးအစီအဉ်များမရှိသေးပါ။ ကျောင်းကော်မတီ၊ ဆရာ/ ဆရာမများနှင့် ကျေးရွာသားများကြားတွင် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်းကြောင့် ကျေးရွာမူလတန်းပညာရေးသည် တဖြည်းဖြည်း ချင်းနိမ့်ပါးလာသည်ကို တွေ့ရပါသည်။

ကျေးရွာသည် အုပ်စုကျေးရွာဖြစ်သော်လည်း ယခုအချိန်အထိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသေးပါ။ သာမန်ရောဂါများအတွက် ကျေးရွာတွင်တာဝန်ကျသော သားဖွားဆရာမထံတွင်လည်းကောင်း၊ ညောင်ချောင်းကျေးရွာ ကျေးလက်ဆေးပေးခန်းတွင်လည်းကောင်း ဆေးကုသလေ့ရှိပြီး ရောဂါကြီးကြီးမားမားဖြစ်ပွားပါက ကျေးရွာနှင့် (၁၁) ကီလိုမီတာကွာဝေးသော ဂွမြို့ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးကုသမှုခံယူကြပါသည်။

ကျေးရွာတွင်ယင်လုံအိမ်သာအသုံးပြုသူ (၄) အိမ်သာရှိပါသည်။ ကျင်းအိမ်သာ အသုံးပြုသူ (၆) အိမ်ရှိပါသည်။ (၅၀) အိမ်မှာ တောထိုင်ခြင်းဖြင့်သာ ဖြေရှင်းကြပါသည်။ အိမ်သာကို လုံလောက်စွာအသုံးမပြုရခြင်းမှာ အမူအကျင့်ကိုမပြောင်းလဲနိုင်ခြင်း၊ ကျန်းမာရေး ဗဟုသုတအားနည်းခြင်း၊ နေအိမ်တွင်အမြဲတမ်း မနေထိုင်ခြင်းတို့ကြောင့်ဖြစ်ပါသည်။ တာဝန်ကျကျန်းမာရေးဝန်ထမ်း၏ကြီးကြပ်မှုဖြင့် အိမ်တိုင်းယင်လုံအိမ်သာအသုံးပြုရေးကို ဆောင်ရွက်နေသော်လည်း ကျေးရွာသားများအနေဖြင့် လိုက်နာဆောင်ရွက်မှုအားနည်းကြပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင်းတွင် လူငယ်များအတွက် သီးခြားသတ်မှတ်ထားသော အားကစားကွင်းဟူ၍ မရှိပါ။ လူငယ်များအနေဖြင့် အပန်းဖြေရန်လမ်းဘေးတွင် ပိုက်ကျော်ခြင်းလုံးကစားခြင်း၊ ကျေးရွာစာသင်ကျောင်းအားကစားကွင်းတွင် ဘောလုံးကန်ခြင်းကဲ့သို့သော အားကစားများပြုလုပ်ကြပါသည်။ ကျေးရွာတွင်းရှိလူငယ်၊လူရွယ်များသည် ဝါတွင်းကာလနှင့် ဝါကျွတ်ကာလ ဆွမ်းလောင်းပွဲတော်များတွင် တက်ကြွစွာပါဝင်ကြပါသည်။ လူငယ်များအတွက် အသိပညာတိုးပွါးရေးနှင့်ဆိုင်သောစာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှုမရှိကြပါ။ အရွယ်ရောက်သောလူငယ်အများစုမှာ မိသားစုစားဝတ်နေရေးအတွက် သစ်၊ ဝါးခုတ်သောလုပ်ငန်းကိုသာ လုပ်ကိုင်နေကြရပြီး လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများနှင့် အလှမ်းကွာဝေးလျှက်ရှိနေဆဲ ဖြစ်ပါသည်။

## (ဇ) အခြေခံအဆောက်အဦး - လက်လှမ်းမှီရယူမှု၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာနှင့် ရန်ကုန်-ဂွ-သံတွဲ ကားလမ်းမကြီးသို့ ဆက်သွယ်ထားသော လမ်းမှာမြေသားလမ်းဖြစ်ပြီး (၁.၅) ကီလိုမီတာရှည်လျားကာ တစ်နှစ်ပတ်လုံး ကား၊ ဆိုင်ကယ်များ သွားလာနိုင်ပါသည်။ ကျေးရွာတွင် ယခုအချိန်အထိ (၂၄) နာရီပတ်လုံး လျှပ်စစ်မီးသုံးစွဲနိုင်သည့် အိမ်ထောင်စုများမရှိသေးပါ။ ကီလိုဝပ် (၂၀) အမျိုးအစားမှ ဝပ် (၁၂၀) အထိရှိသော ဆိုလာပြားအမျိုးမျိုးဖြင့်ကိုယ်

ထူကိုယ်ထအသုံးပြုသော အိမ်မှာ (၁၅) အိမ်မျှသာရှိပြီး ကိုယ်ပိုင်အင်ဂျင်ဖြင့်မီးလင်းသော အိမ်မှာ (၄) အိမ်ရှိပါသည်။ ကျေးရွာသားများအနေဖြင့် ဂွမြို့နယ်နှင့် (၁၀) မိုင်အတွင်းတွင် နိုင်ငံတော်အစီအစဉ်ဖြင့် ၂၀၁၆- ၂၀၁၇ ခုနှစ်တွင် အကောင်အထည်ဖော်မည့် ပင်မမဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းမည့်အစီအစဉ်ထားရှိပါသည်။ ကျေးရွာတွင် ကန်းရိုးတန်းဖုန်း (CDMA) ဖုန်းတစ်လုံး အပါအဝင်အထိုင်ဖုန်းနှင့် လက်ကိုင်ဖုန်းစုစုပေါင်း (၉) လုံးရှိကြပါသည်။ မြန်မာ့ဆက်သွယ်ရေးကွန်ယက် (MPT) ကုမ္ပဏီတစ်ခုတည်းသာအားထားနေကြရပြီး အခြားကုမ္ပဏီများလည်း လုပ်ငန်းများ စတင်နိုင်ဆောင်ရွက်နေကြပါသည်။ လက်ကိုင်ဖုန်းလိုင်းမိသော နေရာ(၃) နေရာခန့်သာရှိပြီး တယ်လီဖုန်း လိုင်းများ မကောင်းသော ကြောင့် အင်တာနက် ကိုလည်း အသုံးမပြု နိုင်ကြပါ။ ကျေးရွာတွင် တီဗီ (၅)လုံး ရေဒီယို (၁၂) လုံးရှိပြီး လိုအပ်သော သတင်း အချက်အလက် များကို ၄င်းတီဗီ ၊ ရေဒီယိုများမှတဆင့်သိရှိနိုင်ပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ယေဘုယျအားဖြင့် ကျေးရွာသည်လုံခြုံမှုရှိ၍အေးချမ်းတည်ငြိမ်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာတွင် မှုခင်းဖြစ်ပွားမှုကြီးကြီးမားမားမရှိပါ။ ယခုအချိန်အထိ ဘာသာရေး၊ လူမျိုးရေးအဓိကရုဏ်းများ ဖြစ်ပေါ်ခဲ့ဖူးခြင်းမရှိသေးပါ။ ကျေးရွာဘေးကင်းလုံခြုံမှုအတွက် အဓိကအားဖြင့်ကျေးရွာအုပ်ချုပ်ရေး အဖွဲ့မှတာဝန်ယူလေ့ရှိပါသည်။ ထို့ပြင်ကျေးရွာလုံခြုံရေးအတွက်လိုအပ်လျှင် တယ်လီဖုန်းများကိုအသုံးပြု၍ ဂွမြို့ရဲစခန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။

## (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာပိုင်လယ်ယာမြေများသည် မြေဩဇာအသင့်အတင့်ကောင်းမွန်ပြီး မိုးတွင်းကာလတွင်ရေလုံလောက်စွာရရှိပါသည်။ နွေရာသီ၌သွင်းရေရရှိအောင် ဆောင်ရွက်ပြီးတစ်နှစ်လျှင် နှစ်သီးစားစနစ်စိုက်ပျိုးရေး အကောင်အထည်ဖော်နိုင်ပါက သီးနှံထုတ်လုပ်မှုတိုးတက်လာနိုင်ပါသည်။ စိုက်ပျိုးရေးအတွက်ချေးငွေရရှိရန် ဂွမြို့မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် အမိန့်ရအပေါင်ဆိုင်များမှ ချေးယူရရှိနိုင်ပါသည်။ စိုက်ပျိုးရေးထုတ်ကုန်များကို ကျိန္တလီမြို့၊ ဂွမြို့နှင့် သံတွဲမြို့များသို့ရောင်းချနိုင်ရန် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ မြေဩဇာအသင့်အတင့်ကောင်းမွန်သောကြောင့် မိုးရချိန်လုံလောက်စွာရရှိသောကြောင့် သီးနှံသစ်တောစိုက်ပျိုးရေးစနစ် အကောင်အထည်ဖော်နိုင်ပါသည်။

ကျေးရွာသည်တစ်နှစ်လျှင် မိုးရေချိန်လက်မ(၂၁၀)ဝန်းကျင်ရရှိပြီး နွယ်မြက်သစ်ပင်များ ကောင်းမွန်စွာရှင်သန်ပေါက်ရောက်နိုင်၍ ကျွဲ၊နွားများအတွက် အစာအဖြစ်အလွယ်တကူရရှိနိုင်ပါသည်။ ဒေသတွင်းနွားဈေးနှုန်းများကောင်းမွန်သောကြောင့် နွားမွေးမြူရေးလုပ်ငန်းသည် ကျေးရွာအတွက်အကျိုးအမြတ်များသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ နွားများကို ပတ်ဝန်းကျင်ကျေးရွာများ အပြင်ဂွမြို့နှင့် သံတွဲမြို့ များသို့ တရားဝင်ရောင်းချနိုင်ပါသည်။

ကျေးရွာသည်ပင်လယ်နှင့် (၅) ကီလိုမီတာသာဝေးကွာသောကြောင့် ရေငန်ငါးဖမ်းခြင်းလုပ်ငန်းသည် မြေမဲ့ယာမဲ့နှင့် ကျပန်းလုပ်သားများအတွက် ပုံမှန်ဝင်ငွေရနိုင်သော အခွင့်အလမ်းဖြစ်ပါသည်။

## (ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ရွှေတွင်းတူးကျေးရွာပိုင် စိုက်ပျိုးမြေသည် အခြားကျေးရွာမှပိုင်ဆိုင်သော စိုက်ပျိုးမြေများနှင့်တစ်ဆက်တည်းရှိသောကြောင့် ထပ်မံတိုးချဲ့၍မရနိုင်တော့ပါ။ ခေတ်မီသောစိုက်ပျိုးနည်းစနစ်များနှင့်အလှမ်းကွာဝေးပြီး မိရိုးဖလာစိုက်ပျိုးရေးနည်းစနစ်များကိုသာ အသုံးပြုနေကြသောကြောင့် ဖျက်ပိုးများနှင့် ရောဂါကျရောက်မှုမှကာကွယ်နိုင်ရန် အခက်အခဲများနှင့်ရင်ဆိုင်ကြရပြီး သီးနှံအထွက်နှုန်းကို ထိခိုက်စေပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ကျေးရွာလူငယ်အဖွဲ့တို့မှ ချေးငွေရရှိနိုင်သော်လည်း စပါးစိုက်တောင်သူများအတွက် လုံလောက်မှုမရှိပါ။ သီးထပ်စိုက်ပျိုးနိုင်ရန်အတွက် မြေအောက်ရေကိုအင်ဂျင်ဖြင့် စုပ်တင်အသုံးပြုနိုင်သော်လည်း ငွေအရင်းအနှီးနှင့်နည်းပညာအတွက် စိန်ခေါ်မှုများရှိနိုင်ပါသည်။ ယုံကြည်စိတ်ချရလောက်သော ဈေးကွက်မရှိသောကြောင့် ထုတ်ကုန်သီးနှံများထိုက်သင့်သလောက် အကျိုးအမြတ်မရကြပါ။ ထို့ပြင် အစိုးရတွင်လယ်သမားများအားအကာအကွယ်ပေးသော မူဝါဒနှင့် နည်းဥပဒေများမရှိသေးသောကြောင့် တောင်သူများအနေဖြင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့်သာ ရုန်းကန်နေကြရပါသည်။

ကျေးရွာရှိဆင်းရဲသားမိသားစုများအတွက် တိရစ္ဆာန်များတိုးချဲ့မွေးမြူနိုင်ရန် အားထားရလောက်သော ချေးငွေစနစ်မရှိပါ။ ကျေးရွာသားများသည် မျိုးကောင်းမျိုးသန့်မွေးမြူရေး အသိပညာဗဟုသုတနှင့်ငွေအရင်းအနှီးနည်းပါးသောကြောင့် ဒေသမျိုးများကိုသာ မွေးမြူနေကြရပါသည်။ နွားများကို ပြည်တွင်းဈေးကွက်သို့ ထိုက်သင့်သော ဈေးနှုန်းဖြင့်တရားဝင် ရောင်းချနိုင်သော်လည်း တစ်ခါတစ်ရံ တွင်ဈေးကွက်ပျက်တတ်ခြင်း ဈေးနှိမ်၍ဝယ်ယူခြင်းများ ကြုံတွေ့ရပါသည်။ထို့ပြင် ဆင်းရဲသား မိသားစုများအနေဖြင့် ဈေးနှုန်းမြင့်မားသော နွားမျိုးများ ဝယ်ယူနိုင်ရန် ငွေကြေး အရင်းအနှီး အခက်အခဲ များစွာရှိကြပါသည်။

ကျေးရွာမှ(၅)ကီလိုမီတာခန့်ကွာဝေးသော ပင်လယ်ပြင်တွင် ရေသယံဇာတ များစွာရှိသော်လည်း အတွေ့အကြုံနှင့် ငွေအရင်း အနှီးမရှိခြင်းတို့ကြောင့် ရေငန်ငါးဖမ်းလုပ်ငန်းကို မဆောင်ရွက်နိုင်ကြပါ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောအသက်အရွယ် များစွာရှိသော်လည်း အသက် မွေးဝမ်းကျောင်း ပြုနိုင်လောက်သော နည်းပညာများ အားနည်းခြင်း၊ အဆက်အသွယ်များ မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးကြပါသည်။ ဒေသတွင်း နွားရောင်းဝယ်ခြင်းဈေးကွက်သည် အခွင့်အလမ်းတစ်ခုအနေဖြင့် ရှိနေသော်လည်း ကျေးရွာသား များအတွက် အရင်းအနှီးမရှိခြင်း၊ ဈေးကွက်အခြေအနေကို မခန့်မှန်းတတ်ခြင်းကြောင့် အခြားမြို့ရွာများမှ ပွဲစားများမှ တဆင့် ရောင်းချနေကြရပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ရွှေတွင်းတူးကျေးရွာ၏ လူနေမှုဆင့်အတန်းမြင့်မားလာစေရန်အတွက် ကျေးရွာလူထုသည် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့်လက်တွဲပြီး ကျေးရွာတွင်ရှိသောအရင်းအမြစ်များနှင့် အခွင့်အလမ်းများပေါ်တွင်အခြေခံကာ၊ ကျေးရွာရေရှည်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်ကိုချမှတ်ခဲ့ကြပါသည်။ ကျေးရွာသားများ၏ တစ်ဦးချင်းဝင်ငွေတိုးတက်ရေး၊ လူငယ်များအပါအဝင်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် လူမှုအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက် ရေးတို့အတွက်ရည်ရွယ်၍ ချမှတ်ထားသောရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## (က) ရည်မှန်းချက် ပန်းတိုင်

(၁) စိုက်ပျိုးမွေးမြူရေးနှင့် အခြားဝင်ငွေရလုပ်ငန်းများအဆင်ပြေအောင်မြင်စွာ လုပ်ကိုင်နိုင်စေခြင်း အားဖြင့်ဝင်ငွေတိုးတက်လာစေရန်။

(၂) ကျေးရွာ၏လူသားအရင်းအမြစ်များ ဖွံ့ဖြိုးလာစေပြီး ကျေးလက်အခြေပြုအဖွဲ့အစည်းများတွင် တက်ကြွစွာဦးဆောင်ပါဝင်၍ ဘက်စုံကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်ထွန်းလာစေရေး။

(၃) ကျေးရွာမီးလင်း၍ ကျေးလက်အဆောက်အဦများ ပြည့်စုံစွာရစေပြီး သာယာစည်ပင်သည့်ကျေးရွာဖြစ်ပေါ်လာစေရေး

## (ခ) နည်းဗျူဟာ

ဖော်ပြပါပန်းတိုင်ရောက်ရှိစေရန်အတွက် အောက်ဖော်ပြပါ **ဗျူဟာများ** ချမှတ်ဆောင်ရွက်ရပါမည်။

- ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ရရှိသုံးစွဲ ၍ ထုတ်လုပ်မှုတိုးတက်အောင်ဆောင်ရွက်မည်။
- မွေးမြူရေးနည်းပညာနှင့် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များသုံးစွဲ၍ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်မည်။
- ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင် ကျွမ်းကျင်ဝန်ထမ်းများအဖြစ် လူငယ်များဝင်ရောက်လုပ်ကိုင်နိုင်ရန် ကျွမ်းကျင်မှုသင်တန်းများ ထိထိရောက်ရောက်တက်ရောက်နိုင်ရန်အစီအစဉ်များချမှတ်ခြင်း။
- ရွာသူရွာသားများအတွက် အဆင်ပြေစေသည့်ချေးငွေရရှိရေးချိတ်ဆက်ပံ့ပိုးပေးရပါမည်။
- လျှပ်စစ်မီးမရသေးသော အိမ်ထောင်စုများလျှပ်စစ်မီးရရှိစေရန်နှင့် ပင်မလျှပ်စစ်လိုင်းနှင့်ချိတ်ဆက်နိုင်ရေး စီစဉ်ဆောင်ရွက်ရပါမည်။
- အမျိုးသမီးများမိသားစုတွင်းကိစ္စများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထိထိရောက်ရောက်ပါဝင်နိုင်သည့် စွမ်းရည်များရလာအောင်စီစဉ်ဆောင်ရွက်ခြင်း။

- လူငယ်များအချိန်ကို အကျိုးရှိစွာအသုံးချ၍ လူ့စွမ်းရည်မြင့်စေသည့်ကျေးလက်လူငယ်သင်တန်းကဲ့သို့သောသင်တန်းများ၊ ကျေးလက်သတင်းအချက်အလက် ကောက်ယူရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လာနိုင်ရန်စီစဉ်ဆောင်ရွက်ရပါမည်။
- အထက်ဖော်ပြပါ စွမ်းရည်မြင့်တင်မှုတည်ဆောက်ခဲ့သည့် အမျိုးသမီးများနှင့် လူငယ်ထုတို့ကျေးရွာဘက်စုံ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာဆိုင်ရာ အဆောက်အဦများပိုမိုကောင်းမွန်လာစေပြီး ကျန်းမာရေး၊ ပညာရေး၊ သာယာဝပြောရေးတို့တွင် အစုအဖွဲ့ဖြင့် စံနစ်တကျဆောင်ရွက်သည့် အလေ့အကျင့်ရစေရန် စီစဉ်ဆောင်ရွက်ရပါမည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရဤအခန်းကိုပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် ဖွံ့ဖြိုးရေးအစီအစဉ်များကို နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် ကျေးရွာသားများအနေဖြင့် စွမ်းစွမ်းတမံဆောင်ရွက်သွားလိုပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/ သားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ ပြုပြင်ရေးဆွဲခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း စနစ်တကျကောင်အထည်ဖော်နိုင်ရန် စိစစ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

## (ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

ရွှေတွင်းတူးကျေးရွာသားများ၏ အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိရေးသည် အဓိကအချက် ဖြစ်ပါသည်။ စပါးစိုက်တောင်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ချေးငွေများထုတ်ချေးပေးနေသော်လည်း ထုတ်ချေးပေးသောအချိန် နောက်ကျတတ်ခြင်း၊ ချေးငွေပမာဏ အကန့်အသတ်ရှိနေခြင်း၊သီးနှံများပေါ်ပြီးစတွင်ပြန်လည်ပေးဆပ်ကြရခြင်းစသည့် အခက်အခဲများရှိနေဆဲဖြစ်ပါသည်။ဒေသတွင်းကျွဲ၊နွားဈေးနှုန်းများ ကောင်းမွန်သော်လည်း မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီးများထုတ်ချေးပေးသော အဖွဲ့အစည်းများမရှိဘဲ၊ မွေးမြူရေးလုပ်ငန်းများ

တိုးချဲ့ရန် ခက်ခဲမှုများရှိနေကြပါသည်။ ထို့ပြင်ကျေးရွာသို့ ငွေကြေးဝန်ဆောင်မှုပေးသော နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများလည်းမရှိကြပါ။ ထို့ကြောင့် ကျေးရွာသူ /သားများလိုအပ်သော ချေးငွေများရရှိနိုင်ရန်နှင့် အထူးသဖြင့် ဆင်းရဲသောမိသားစုများအတွက် အဆင်ပြေနိုင်သော သတ်မှတ်ချက်များကို ဒေသအလိုက်လိုအပ်ချက်များနှင့်အညီ ပြောင်းလဲသင့်ပါသည်။

## (ဂ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များကို အကောင်အထည်ဖော်မည့် အချိန်ကာလက(၂၀၁၆ခုနှစ်မှ ၂၀၂၀ခုနှစ်) အထိ (၅) နှစ်သတ်မှတ်ထားပါသည်။ ၎င်း (၅) နှစ်တာကာလအတွင်း တစ်နှစ်ချင်းစီအလိုက် ဆောင်ရွက်မည့် စီမံချက်များကိုလည်းချမှတ်ထားပြီးဖြစ်ပါသည်။ ထိုသို့ချမှတ်ဆောင်ရွက်ရာတွင် ကျေးရွာမှဆောင်ရွက်နိုင်သောစီမံချက်လုပ်ငန်းများ၊ အစိုးရဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများဟူ၍ ခွဲခြားသတ်မှတ်ကာ ရေတို၊ ရေရှည်ရည်မှန်းချက်များထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။ စီမံကိန်းငါးနှစ်တာကာပြီးဆုံးချိန်တွင် ဖော်ပြပါစီမံချက်လုပ်ငန်းများ ပြီးမြောက်စေရန်အတွက် တစ်နှစ်ချင်းစီအလိုက်ချမှတ်ထားသော စီမံချက်လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်သွားရန် မဖြစ်မနေလိုအပ်မည်ဖြစ်ပါသည်။

## (ဃ) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA) ဆွေးနွေးပွဲဆောင်ရွက်စဉ်တွင် ကျွန်ုပ်တို့ကျေးရွာအတွက် (၅) နှစ်တာစီမံကိန်းကာလအတွင်း ဆောင်ရွက်မည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို ဖော်ထုတ်ခြင်း၊ ဦးစားပေးအစီအစဉ်သတ်မှတ်ခြင်း၊ အကောင်အထည်ဖော်မည့် အချိန်ကာလတွက်ချက်ခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ သို့သော် ရန်ပုံငွေရရှိနိုင်မှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများပေါ်မူတည်ပြီး ကျေးရွာနှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖွံ့ဖြိုးရေးစီမံချက်များထပ်မံ၍ဖြည့်စွက်ခြင်း၊ နှစ်အလိုက်စီမံကိန်းအချို့ကို ပြင်ဆင်ရေးဆွဲခြင်းများ ပြုလုပ်နိုင်ပါသည်။ အဓိကအချက်မှာ နောင် (၅) နှစ်ကြာသောအခါရရှိလာမည့် ကျေးရွာရေရှည်ဖွံ့ဖြိုးရေးပန်းတိုင်ကို ထိရောက်စွာပံ့ပိုးပေးနိုင်ရေးပင်ဖြစ်ပါသည်။

## (င) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း

အစီအစဉ်နှင့်စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာ အထောက်အကူပြုပါမည်။ Functional classification သည်ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သော စီမံကိန်းများကိုသိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်-

(၁) သာမန်အသုံးစရိတ် ဥပမာ- ကျေးရွာအဆောက်အဦများ ရေရှည်တည်တန့်ရန်အတွက် ပြုပြင်မွမ်းမံခြင်း

(၂) ငွေလုံးငွေရင်းအသုံးစရိတ် ဥပမာ- ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ၊

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေးစရိတ် ဥပမာ- ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်

(၄) လူသားချင်းစာနာမှုအသုံးစရိတ် ဥပမာ- သဘာဝဘေးအန္တရာယ် ဖြစ်ပွားပြီးနောက်အထောက်အပံ့များ

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA) ဆွေးနွေးပွဲမှ ကျေးရွာတွင်ဆောင်ရွက်သင့်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူကျေးရွာသား၏ဥစ္စာခနေအဆင့်အုပ်စု(၄)စု(ချမ်းသာ၊ အသင့်အတင့်၊ ဆင်းရဲ၊ အလွန်ဆင်းရဲ) ကိုကိုယ်စားပြုသော ကိုယ်စားလှယ် (၁၀) ဦးကဦးစားပေးရမည့် စီမံချက်များကိုအမှတ်ပေးကြပါသည်။ ၄င်းရမှတ်များအပေါ်မူတည်၍ ဦးစားပေးရမည့်စီမံချက်များကို သတ်မှတ်ကြခြင်းဖြစ်ပါသည်။ သို့သော် ၄င်းစီမံချက်များကို အမှန်တကယ်လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအသေးစိတ်လိုအပ်ချက်များ၊ ရန်ပုံငွေရရှိနိုင်မှုအခြေအနေ၊ အစိုးရ၏မူဝါဒများပေါ်မူတည်ပြီး အနည်းငယ်အပြောင်းအလဲရှိနိုင်ပါသည်။ ထို့ကြောင့် ကျေးရွာ၏ (၅) နှစ်တာဖွံ့ဖြိုးရေးရည်မှန်းချက်ကို ပြည့်ပြည့်ဝဝအကောင်အထည်ဖော်နိုင်ရန် မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှပံ့ပိုးမှုများရရှိရန်လိုအပ်ပါသည်။

**ကျေးရွာလူထု အစည်းအဝေးတွင် သဘောတူသတ်မှတ်သော ဦးစားပေး စီမံကိန်းလုပ်ငန်းများ**

| ကဏ္ဍ | စီမံကိန်း | ရမှတ် | ဦးစားပေးအဆင့် | စီမံကိန်းအကြောင်းအရာဖော်ပြချက် |
|---|---|---|---|---|
| **ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစီမံအုပ်ချုပ်မှု** | လူထုအခြေပြုအဖွဲ့အစည်းများတွင်စီမံခန့်ခွဲမှုဆိုင်ရာစွမ်းဆောင်ရည်မြင့်မားအောင်ဆောင်ရွက်ခြင်း။ | ၃၆ | ၉ | • ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီဖွဲ့စည်းခြင်း<br>• ခေါင်းဆောင်မှုအတတ်ပညာနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံသဘောတရားသင်တန်း<br>• အဖွဲ့စည်းဆိုင်ရာ နည်းဥပဒေများနှင့် လုပ်နည်းလုပ်ထုံးများ<br>• ကျားမတန်းတူညီမျှရေးနှင့်ဖွံ့ဖြိုးရေးသဘောတရားသင်တန်း<br>• ရေရှည်ဖွံ့ဖြိုးရေးအတွက်အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍နည်းပညာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် |
| **စိုက်ပျိုးရေး** | စိုက်ပျိုးရေးအတွက်ချေးငွေအရင်းအနှီးနှင့်နည်းပညာများပြည့်စုံစေရန်ဆောင်ရွက်ခြင်း | ၁၁၅ | ၁ | • ရေသွင်းစိုက်ပျိုးရေးစနစ် တိုးချဲ့လုပ်ကိုင်ခြင်း<br>• ကွမ်းစိုက်ပျိုးခြင်းနှင့်ပတ်သတ်သောနည်းပညာများရရှိစေရန်စိုက်ပျိုးရေး ပညာရှင်များနှင့်လက်တွဲဆောင်ရွက်ခြင်း<br>• ချေးငွေအရင်းအနှီးရရှိစေရန်အစိုးရဌာနများအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း |
| **မွေးမြူရေး** | မွေးမြူရေးလုပ်ငန်းများတွင်နည်းပညာမြင့်မားရေး | ၆၁ | ၅ | • မွေးမြူရေးအတွက်အရင်းအနှီးရရှိစေရန်အစိုးရဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• တိရစ္ဆာန်ကာကွယ်ဆေးနှင့် မွေးမြူ ရေးနည်းပညာ သင်တန်း<br>• ဒေသခံမွေးမြူရေးသင် တန်းသားမွေးထုတ်ခြင်း<br>• ဦးတည်အုပ်စုများသတ်မှတ်၍ကာကွယ်ပြည့်မီအောင်စနစ်တကျကာကွယ်ဆေးထိုးနှံရေး |

| ကဏ္ဍ | စီမံကိန်း | ရမှတ် | ဦးစားပေးအဆင့် | စီမံကိန်းအကြောင်းအရာဖော်ပြချက် |
|---|---|---|---|---|
| **ကျန်းမာရေး** | ကျန်းမာရေးတိုးတက်ကောင်းမွန်စေရန် အတွက်အစီအမံများဆောင်ရွက်ခြင်း | ၉၉ | ၂ | • တစ်ကိုယ်ရေသန့်ရှင်းရေးအသိအမြင်မြှင့်တင်ခြင်း<br>• ကျေးလက်ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ယင်လုံအိမ်သာဆောက်လုပ်ခြင်း<br>• သောက်သုံးရေဖူလုံစေရန်စိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်းအကောင်အထည်ဖော်ခြင်း<br>• ကျေးလက် ကျန်းမာရေးဆေးပေးခန်း အကောင်အထည်ဖော်ရေးအတွက် လိုအပ်သောစာရွက်စာတမ်းများ တင်ပြခြင်း၊<br>• ကျေးလက် ကျန်းမာရေးဆေးပေးခန်း အဆောက်အဦအကောင်အထည်ဖော်ခြင်း၊ |
| **အခြေခံပညာရေး အဆင့်အတန်းမြင့်မားရေး** | ကျောင်းသုံးပရိဘောဂပြည့်စုံစေရေး | ၄၄ | ၈ | • မြို့နယ် ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း<br>• ကျောင်းသုံး ပရိဘောဂပြည့်စုံ စေရေး ဆောင်ရွက်ခြင်း၊ |
| **လူငယ်၊ယဉ်ကျေးမှုနှင့်အားကစား** | လူငယ်ဖွံ့ဖြိုးရေးရံပုံငွေတိုးပွားရေး ဆောင် ရွက်ခြင်း | ၉၂ | ၃ | • လက်ရှိလူငယ်ရံပုံငွေတိုးပွားရေးအစီအစဉ်များဆွေးနွေးချမှတ်ခြင်း၊<br>• နည်းပညာနှင့်ငွေအရင်းအနှီးအတွက်ဌာနဆိုင်ရာများ၊အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |
| **သဘာဝပတ်ဝန်းကျင်** | အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း | ၄၆ | ၆ | • အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ရန်ကျေးရွာသားများဆွေးနွေးတိုင်ပင်ခြင်း<br>• မြို့နယ်သစ်တောဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာ အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း |
| **အခြေခံအဆောက်အဦ** | ကျေးရွာတွင်းလမ်း(၂၆၀၀ပေ)နှင့် ချောင်းကူးတံတားအဆင့်မြှင့်တင်ခြင်း၊ | ၅၈ | ၇ | • ကျေးရွာအခြေခံအဆောက်အဦး ကော်မီတီ ဖွဲ့စည်းခြင်း<br>• ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း<br>• ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း၊<br>• ရွာထိပ်ရှိ ချောင်းကူးတံတားတည်ဆောက်ခြင်း |

| ကဏ္ဍ | စီမံကိန်း | ရမှတ် | ဦးစားပေးအဆင့် | စီမံကိန်းအကြောင်းအရာဖော်ပြချက် |
|---|---|---|---|---|
| **ကျေးရွာမီးလင်းရေး** | ကျေးရွာမီးလင်းရေးဆောင်ရွက်ခြင်း | ၇၄ | ၄ | • မီးလင်းရေး ကော်မီတီ ဖွဲ့စည်းခြင်း<br>• ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာန နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊<br>• အဆင်းရဲဆုံးမိသားစုများအတွက်ရံပုံငွေတစ်ရပ်ထူထောင်ခြင်း<br>• (၂၄)နာရီမီးလင်းရေး အကောင်အထည် ဖော်ခြင်း |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာရေရှည်ဖွံ့ဖြိုးရေးအတွက် ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို PRA တွင်ဆွေးနွေးချက်များပေါ်တွင် အခြေခံ၍ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလကို စီမံချက်လုပ်ငန်းများ ပြီးမြောက်အောင်မြင်စွာအကောင်အထည်ဖော်နိုင်မှုပေါ်မူတည်ပြီး နှစ်စဉ်ပြုပြင်ရေးဆွဲမည်ဖြစ်ပြီး လက်ရှိအနေဖြင့်ရေးဆွဲထားသော စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံကိန်း (Project) | ဦးစားပေးအဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | လူထုအခြေပြုအဖွဲ့အစည်းများတွင်စီမံခန့်ခွဲမှုဆိုင်ရာစွမ်းဆောင်ရည်မြင့်မားအောင်ဆောင်ရွက်ခြင်း။ | ၉ | √ | | √ | | √ |
| ၂ | စိုက်ပျိုးရေးအတွက်ချေးငွေအရင်းအနှီးနှင့်နည်းပညာများပြည့်စုံစေရန်ဆောင်ရွက်ခြင်း | ၁ | √ | | √ | | |
| ၃ | မွေးမြူရေးလုပ်ငန်းများတွင်နည်းပညာ မြင့်မားရေး | ၅ | | √ | √ | | |
| ၄ | ကျန်းမာရေးတိုးတက်ကောင်မွန်စေရန်အတွက်အစီအမံများဆောင်ရွက်ခြင်း | ၂ | | √ | | √ | |
| ၅ | ကျောင်းသုံး ပရိဘောဂပြည့်စုံစေရေး | ၈ | | | √ | | |
| ၆ | လူငယ်ဖွံ့ဖြိုးရေးရံပုံငွေတိုးပွားရေးဆောင်ရွက်ခြင်း | ၃ | | | | | √ |
| ၇ | အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း | ၆ | | √ | | √ | |
| ၈ | ကျေးရွာတွင်းလမ်း(၂၆ဝဝပေ)နှင့်ချောင်းကူးတံတားအဆင့် မြှင့်တင်ခြင်း၊ | ၇ | | | √ | √ | |
| ၉ | ကျေးရွာမီးလင်းရေးဆောင်ရွက်ခြင်း | ၄ | | √ | √ | | |

## (ဇ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦးကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေးအစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံကိန်းများကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန်လိုအပ်

ပါသည်။ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များ အပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလ အတွက်ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင်နှစ်အလိုက် အကောင်အထည်ဖော်ဆောင် ရွက်မည့်လုပ်ငန်း အစီအစဉ်များအတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံကိန်းအလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ်ကိုးကားရန်ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သောဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင် ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်း များနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာဗျူဟာအစီအစဉ်**

| စဉ် | စီမံကိန်း | ရံပုံငွေ ကျပ် (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအသုံးစရိတ် မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ်: ငွေလုံးငွေရင်းအသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ်: စွမ်းဆောင်ရည်မြှင့်တင်ရေးစရိတ် | လူသားချင်းစာနာမှုအသုံးစရိတ် |
| ၁ | လူထုအခြေပြုအဖွဲ့အစည်းများတွင်စီမံခန့်ခွဲမှုဆိုင်ရာစွမ်းဆောင်ရည်မြှင့်မားအောင်ဆောင်ရွက်ခြင်း။ | | | | √ | |
| ၂ | စိုက်ပျိုးရေးအတွက်ချေးငွေအရင်းအနှီးနှင့်နည်းပညာများပြည့်စုံစေရန် ဆောင်ရွက်ခြင်း | | | √ | | |
| ၃ | မွေးမြူရေးလုပ်ငန်းများတွင်နည်းပညာမြင့်မားရေး | | | | √ | |
| ၄ | ကျန်းမာရေးတိုးတက်ကောင်းမွန်စေရန်အတွက်အစီအမံများဆောင်ရွက်ခြင်း | | | √ | | |
| ၅ | ကျောင်းသုံးပရိဘောဂပြည့်စုံစေရေး | | | √ | | |

| စဉ် | စီမံကိန်း | ရံပုံငွေ ကျပ် (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ် မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအသုံးစရိတ် |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေးစရိတ် | |
| ၆ | လူငယ်ဖွံ့ဖြိုးရေးရံပုံငွေတိုးပွားရေးဆောင်ရွက်ခြင်း | | | √ | | |
| ၇ | အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း | | | √ | | |
| ၈ | ကျေးရွာတွင်းလမ်း (၂၆၀၀ပေ) နှင့် ချောင်းကူးတံတား အဆင့်မြှင့်တင်ခြင်း၊ | | | √ | | |
| ၉ | ကျေးရွာမီးလင်းရေးဆောင်ရွက်ခြင်း | | | √ | | |
| | **စုစုပေါင်း** | | | | | |

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်

ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှအသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## (၁၁) စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့်ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့်အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃) လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။ (၃) လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

## (က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

## (ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကို အဓိကထားဖေါ်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာ မှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုတို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေ အနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား ပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိ ပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက် နိုင်မည် ဖြစ်ပါသည်။

## (၁) ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၁ | ၁ | ၂ | ၀.၉% | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၁၄ | ၉ | ၂၃ | ၁၀% | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၁၁ | ၇ | ၁၈ | ၇.၉% | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၁၂ | ၁၁ | ၂၃ | ၁၀% | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၇၅ | ၆၉ | ၁၄၄ | ၆၂.၉% | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ်နှင့်အထက် | ၇ | ၁၂ | ၁၉ | ၈.၃% | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၁၂၀** | **၁၀၉** | **၂၂၉** | **၁၀၀** | |
| **အိမ်ထောင်စုပေါင်း (၆၀)** | | | | **ပျှမ်းမျှအိမ်ထောင်စုအရွယ်အစား (၃.၈)** | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်အိမ်ထောင်စု(၆၀)စုရှိပြီး လူဦးရေစုစုပေါင်း (၂၂၉) ဦးရှိပါသည်။ ပျမ်းမျှတစ်မိသားစုလျှင် (၄) ဦးနီးပါးရှိပါသည်။ အမျိုးသားဦးရေ နှင့် အမျိုးသမီးဦးရေအချိုးတွင် အမျိုးသားဦးရေသည် ပိုများပါသည်။ များသောအားဖြင့် ရခိုင်/ဗုဒ္ဓဘာသာ လူမျိုးများနေထိုင်ကြပြီး ဗမာအနည်းငယ်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်သည် စုစုပေါင်းလူဦးရေ၏ ၆၂.၉% ရှိပြီး အသက် (၁၅) နှစ်အောက်နှင့် အသက် (၆၀) အထက်လူဦးရေသည် လူဦးရေစုစုပေါင်း၏ ၃၇.၁% ရှိ၍ မှီခိုသူများဖြစ်ကြပါသည်။

### ၂။ အလုပ်လုပ်နိုင်သူအင်အား

ဇယား (၂) လုပ်သားအင်အား

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ***စိုက်ပျိုးရေး (သီးနှံထုတ်လုပ်ရေး)*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၉ | ၁၅.၀% | ၇ (ကွမ်း စိုက်တောင်သူ | လယ်၊ယာစိုက်ပျိုးရေးလုပ်ကိုင်သောအိမ်ထောင်စုများ |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၅ | ၈.၃% | ၅(သစ်၊ ဝါး) | |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂ | ***တိရစ္ဆာန် မွေးမြူရေး*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၃.၃% | ၁-ကွမ်းစိုက်၊၁-သစ်လုပ်ငန်း | ကျွဲ၊နွား(၆)နှင့်အထက်ပိုင်ဆိုင်သောအိမ်ထောင်စုများ |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၃ | ***ငါးဖမ်း လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၄ | ***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၆ | ၂၆.၇% | ၀ | သစ်၊ဝါးထုတ်လုပ်သောလုပ်ငန်း |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၁၀ | ၁၆.၇% | ၀ | သစ်၊ဝါးထုတ်လုပ်သောလုပ်ငန်းတွင်အလုပ်သမားများ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၆ | ***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၇ | ***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၁ | ပန်းရံ(၁)အိမ်(တောင်သူ) |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၈ | ***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် အိမ်ထောင်စု | အဓိကအလုပ်အကိုင် % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၉ | *ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၁ | စက်ပြင်(၁)၊ (တောင်သူ) |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၀ | *လက်လီ-လက်ကား ရောင်းဝယ်ရေး* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄ | ၆.၇% | ၀ | အိမ်ဆိုင်(၄)ဆိုင် |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၁ | *ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၂ | *ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၃ | *ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၄ | *အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၅ | *ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၂ | ၃.၃% | ၂(တောင်သူ) | အုပ်ချုပ်ရေး(၂) အိမ်၊ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၆ | *ပညာရေး* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၁ | ၁.၇% | ၀ | ပညာရေး(၁)အိမ် (ဆရာမ) |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁၇ | *ကျန်းမာရေး* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၁ | ၁.၇% | ၀ | သားဖွားဆရာမ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၈ | *လူမှုရေး လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၉ | *အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၁၀ | ၁၆.၇% | ၀ | ရာသီပေါ်လုပ်ငန်းများဖြစ်သည့်လမ်းခင်းခြင်း၊မျှစ်ချိုးခြင်းသစ်၊ဝါးလုပ်ငန်းခွင်တွင် ကျပန်းလုပ်သားအဖြစ်လုပ်ကိုင်ခြင်း |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂၀ | *ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| | **စုစုပေါင်း** | **၆၀** | **၁၀၀** | **၁၈** | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်သူ (၉) အိမ်သာရှိပါသည်။ အမျိုးသားအများစုမှာ မြေပြင်ခြင်း၊ ထွန်ယက်ခြင်းနှင့် ပျိုးနှုတ်ခြင်းနှင့် သစ်၊ဝါး လုပ်ငန်းခွင်တို့တွင် အဓိကလုပ်ကိုင်ကြပါသည်။ အမျိုးသမီးအများစုမှာကောက်စိုက်ခြင်း၊ လမ်းခင်းခြင်း လုပ်ငန်းများတွင် အငှားလိုက်ခြင်း၊ စသည့်ရာသီအလိုက်ဝင်ငွေရလုပ်ငန်းအမျိုးမျိုးကို လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် အလုပ်ကြမ်းနှင့် ကျပန်းလုပ်သား (၁၀) အိမ်ရှိ၍ နေ့စဉ်ပျမ်းမျှဝင်ငွေတစ်ဦးလျှင် (၂၅၀၀-၄၀၀၀) ကျပ်ရရှိကြပါသည်။ နွား (၆) ကောင် အထက်မွေးမြူသော အိမ် (၂) အိမ်ရှိပြီး၄င်း အိမ်များသည် မွေးမြူရေးဖြင့်အဓိက အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ကြပါသည်။ ကျေးရွာတွင်အိမ်ဆိုင်ပိုင်ဆိုင်သူ (၄) အိမ်၊ ပန်းရံ (၁) ဦး၊ လက်သမား (၁) ဦးနှင့် စက်ပြင်ဆရာ(၁)ဦး၊ ကျောင်းဆရာမ (၁)ဦးနှင့် သားဖွားဆရာမ(၁)ဦး တို့ရှိကြသော်လည်း၄င်း မိသားစုဝင်အချို့သည် အခါအားလျော်စွာ ဝင်ငွေရကျပန်းလုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။

## (၁.၃) စိုက်ပျိုးနိုင်သောမြေဧရိယာ

### (၁.၃.၁) ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၃) ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧရိယာ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၆၂ | သင့် | | မိုးရေ |
| ယာ | ၈ | သင့် | | မိုးရေ |
| ဥယျာဉ်ခြံမြေ(ခြံမြေ) | ၂၁ | သင့် | | မိုးရေ |
| **စုစုပေါင်း** | **၉၁** | | | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

**မှတ်ချက်။** ရေရှိသည့်နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ စိုက်ပျိုးရေးကိုအဓိကထားလုပ်ကြပြီး မြေဩဇာအထိုက်အလျောက် ကောင်းမွန်သောစိုက်ပျိုးမြေများ ဖြစ်ပါသည်။ ကျေးရွာသည် ရခိုင်ရိုးမတောင်စွယ်များနှင့် တစ်ခြားကျေးရွာမှ ပိုင်ဆိုင်သောပိုင်ဆိုင်သော လယ်ယာမြေများကြားတွင် တည်ရှိသောကြောင့် စိုက်ပျိုးမြေများထပ်မံတိုးချဲ့ရန်မှာ အခွင့်အလမ်းနည်းပါးပါသည်။ ကုန်းလယ် (၆၂) ဧကၡ မိုးရာသီၡစပါးကို စိုက်ပျိုးပြီး ဆောင်းရာသီတွင်ကျန်ရှိသော မြေအစိုဓာတ်ပေါ်မူတည်၍ တစ်ချို့လယ်များၡ ငရုတ်နှင့်မီးဖိုချောင်သီးနှံများကို စိုက်ပျိုးကြပါသည်။ ကျေးရွာသူရွာသားများသည် ဥယျာဉ်ခြံမြေများတွင် အုန်း၊ ကွမ်းသီးပင်၊ သီဟိုရ်ပင်နှင့် ဝါးပင်များကိုစိုက်ပျိုးကြပါသည်။ ကွမ်းရွက်ကိုရွှေတွင်းတူးကျေးရွာတွင် ရေချောင်းနှင့်နီးသောယာမြေများၡ လွန်ခဲ့သော (၄) နှစ်ခန့်မှစတင်စိုက်ပျိုးပြီး ယခုအခါကွမ်းကို တပိုင်တနိုင်စိုက်ပျိုးသူ (၁၀) ဦး အထိရှိလာပါသည်။ ကွမ်းရွက်များကို ဒေသတွင်းရောင်းချနိုင်ပြီး ကွမ်းအညွှန့်များကို ဧရာဝတီတိုင်းမှလာရောက်ဝယ်ယူကြသကဲ့သို့ ကွမ်းစိုက် တောင်သူများကိုယ်တိုင်လည်းသွားရောက်၍လည်း ရောင်းချလေ့ရှိကြပါသည်။

### (၁.၃.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၄) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓါတ်သတ္တု(သဲ၊ကျောက်စရစ်) | သင့် | ကျောက်စရစ်၊သဲများကိုကျေးရွာအနီးရေချောင်းထဲတွင်အလွယ်တကူရရှိနိုင်ပါသည်။ |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | နည်း (လိပ်၊ မြွေ၊ ဖွတ်၊ သင်းခွေချပ်၊ ချေ၊ ဖြူ) သင့် (ရေငန်ငါးမျိုးစုံ၊ ဂဏန်း၊ ပုဇွန်၊ ပင်လယ်လိပ်) | လိပ်၊ မြွေ၊ ဖွတ်များကို တခါတရံ တွေ့ရ။ ရေငန်ငါးမျိုးစုံ၊ ဂဏန်း၊ ပုဇွန်၊ ပင်လယ်လိပ်များကိုလွယ်ကူစွာတွေ့ရ။ |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | (ငှက်ပျော၊အုန်း၊ကွမ်းသီးပင်၊သစ်ခွ၊ ဝါး၊ ပျူ၊ ကညင်၊ ငှက်ကြီးတောင်၊ မဒမရှိနှင့်ဒီရေတောပေါက်ရောက်သည့် အပင်များ(ဥပမာ– လမု၊ရေအုန်း၊ဓနိ) |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် ပင်လယ်နှင့်အနီးဝန်းကျင်တွင်တည်ရှိသောကြောင့် မိုးသစ်တောသစ်ပင်များ၊ ဒီရေတောများအပြင် လိပ်၊ မြွေ၊ ဖွတ်၊ သင်းခွေချပ်၊ ချေ၊ ဖြူ များကိုတွေ့ရှိနိုင်ပါသည်။ သစ်ပင်များအဖြစ် ငှက်ပျောပင်၊ ဝါးပင်၊ ငှက်ကြီးတောင်၊ မဒမ၊ ကညင်ပင်၊ သီဟိုဠ်ပင်၊ အုန်း၊ ကွမ်းသီးပင်များကို အလွယ်တကူတွေ့နိုင်သော်လည်း သစ်ခွကဲ့သို့သောမျိုးစိတ်များကို ရှားပါးစွာတွေ့နိုင်ပါသည်။ ပင်လယ်နှင့် (၅)ကီလိုမတာသာ ကွာဝေးသောကြောင့် ရေငန်မျိုးစိတ်များဖြစ်သော ငါးလိပ်ကျောက်၊ ငါးတံခွန်၊ ငါးလိပ်စွန်၊ ငါးထောပတ်၊ ငါးဘုရင်၊ ငါးနီတူး၊ ငါးကွမ်းရှပ်၊ ငါးပါးနီနှင့် ကျောက်ငါးတို့အပြင် ငွေရောင်ပုဇွန်၊ ကျောက်ပုဇွန်၊ သံပချုပ်၊ ပင်လယ်လိပ်၊ ဂဏန်းနှင့် ကြယ်ငါးတို့ကိုအလွယ်တကူတွေ့ရပါသည်။ ကျေးရွာဝန်းကျင်တွင် မြွေ၊ ဖွတ်၊ ပုတ်သင်တို့ကို တခါတရံတွေ့ရပါသည်။

## (၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား(၅) ဥစ္စာဓနအဆင့်အနေအထား

| | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| **အကြောင်း အရာ** | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| အိမ်အခြေအနေ | နှစ်ထပ်အိမ်၊ပျဉ်ခင်း၊ပျဉ်ကာသွပ်မိုး | နှစ်ထပ်(သို့)တစ်ထပ်အိမ်ပျဉ်ခင်း၊ ပျဉ်ကာ(သို့)ဝါးကာ သွပ်မိုး(သို့)ဓနိမိုး | တစ်ထပ်ပျဉ်ခင်း၊ ဝါးကာ၊ ဓနိမိုး | ဝါးခင်း၊ ဝါးကာ ဓနိမိုး |
| အသက်မွေးမှုကိရိယာပိုင်ဆိုင်မှု | လက်တွန်းထွန်စက်၊ကျွဲ၊နွား(၄)ကောင်နှင့်အထက် လက်ကိုင်လှစက် | ကျွဲ၊နွား(၁)ကောင်မှ (၂)ကောင်၊ လက်ကိုင်လှစက် | ကြက်၊ ဝက် | ကြက်၊ ဝက် |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| လယ်ယာမြေပိုင်ဆိုင်မှု | (၆) ဧကအထက် | (၃-၅) ဧကအထိ | (၁-၂) ဧကအထိ | မြေယာမဲ့ |
| ရွှေပိုင်ဆိုင်မှု | (၅) ကျပ်သားအထက် | (၁-၅) ကျပ်သား | (၁)ကျပ်သားအောက် | မရှိ |
| အခြား | မော်တော်ဆိုင်ကယ်၊ဖုန်း၊ဗွီဒီယို | မော်တော်ဆိုင်ကယ်၊ဖုန်း | ရေဒီယို | အကြွေးရှိ |
| **အိမ်ထောင်စု** | **၇ (၆.၅%)** | **၁၂ (၂၉.၇%)** | **၁၇ (၄၁.၈%)** | **၂၄ (၂၂%)** |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA)ကို အသုံးပြု၍ ဥစ္စာစနေအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကိုတွေ့ရှိရပါသည်။ အိမ်ထောင်စု(၆၁)စု၏ ၆၃.၈% သည်ဆင်းရဲသည်ဟု ခံယူကြပါသည်။ ၃၆.၂% ခန့်မှာ ချမ်းသာသူများနှင့်အလယ်အလတ် အိမ်ထောင်စုများဖြစ်သည်ဟု ဆုံးဖြတ်ကြပါသည်။ အဆိုပါဆင်းရဲသည်ဟု သတ်မှတ်ထားသောသူများသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေနှစ်ဧကအောက်ပိုင်ဆိုင်သောသူများ၊ ကျပန်းအလုပ်သမားများ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ ဖြစ်ကြပါသည်။ ချမ်းသာသောမိသားစုများသည် စိုက်ပျိုးမြေ(၆) ဧကအထက်ပိုင်ဆိုင်သူများ၊ လက်တွန်းထွန်စက်၊မော်တော် ဆိုင်ကယ်၊ လက်ကိုင်လွှစက်ပိုင်ဆိုင်သူများ (သို့မဟုတ်)ကျွဲ၊ နွားလေးကောင်နှင့် အထက်နှင့်ရွှေငါးကျပ်သားအထက် ပိုင်ဆိုင်သူများဖြစ်ကြသည်။ ကျွဲ၊ နွား၊ စိုက်ပျိုးမြေနှင့်ရွှေငွေလက်ဝတ်ရတနာ ပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ချမ်းသာ/ ဆင်းရဲမညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။

## (၁.၅) ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ၊

### (၁.၅.၁) ရွှေတွင်းတူးဝမ်းစာဖူလုံမှုအခြေအနေ

ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စု

ဇယား (၆) ဝမ်းစာဖူလုံမှု

(အဆင်းရဲဆုံး(၁၄)အိမ်အား ဆန်းစစ်ခြင်း)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | မှတ်ချက် |
|---|---|---|---|
| (၃) လအောက် | ၁၁ | ၇၈.၆% | အဆင်းရဲဆုံးအိမ်ထောင်စု(၁၄)အိမ်မှ(၁၁)အိမ်သည် အများဆုံး (၃လခန့်အထိသာ ငွေမချေးဘဲ၊ ဆန်မချေးရဘဲအခြားသူများမှရိက္ခာထောက်ပံ့မှုမပါဘဲရပ်တည်နိုင်ကြပြီးကျန်ကာလများအတွက် ရိက္ခာဖူလုံစေရန် ကျေးရွာဈေးဆိုင်များမှ အကြွေး |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | မှတ်ချက် |
| --- | --- | --- | --- |
| | | | ယူရခြင်း၊ဆွေမျိုးသားချင်းများထံမှငွေချေးငှားခြင်း၊ နေ့စဉ်ရသောလုပ်အားခဖြင့် စားနပ်ရိက္ခာအတွက်ဝယ်ယူစားသုံးရပါသည်။ |
| (၃) လမှ (၅)လအထိ | ၃ | ၂၁.၄% | အဆင်းရဲဆုံးအိမ်ထောင်စု(၁၄)အိမ်မှ(၃)အိမ်သည် အများဆုံး(၅)လခန့်အထိသာငွေမချေးဘဲ၊ဆန်မချေးရဘဲ အခြားသူများမှ ရိက္ခာထောက်ပံ့မှုမပါဘဲ ရပ်တည်နိုင်ကြပြီးကျန်ကာလများအတွက်ရိက္ခာဖူလုံစေရန်ကျေးရွာဈေးဆိုင်များမှ အကြွေးယူရခြင်း၊ ဆွေမျိုးသားချင်းများထံမှငွေချေးခြင်း၊နေ့စဉ်ရသောလုပ်အားဖြင့်းစားနပ်ရိက္ခာအတွက်ဝယ်ယူစားသုံးခြင်းများပြုလုပ်ရပါသည်။ |
| (၆)လမှ(၁၂) လအထိ | မရှိ | - | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အိမ်ထောင်စု (၆၀) အိမ်ရှိသည့်အနက် (၄၁) အိမ်သည် ဥစ္စာနေခွဲခြားမှုပြုလုပ်ရာတွင် ဆင်းရဲနှင့်အဆင်းရဲဆုံးအိမ်ထောင်စုများဖြစ်သော အဆင့် (၃နှင့်၄) များဖြစ်ကြပါသည်။ ၄င်းအိမ်ထောင်စုများမှ (၁၄) အိမ်အား လွန်ခဲ့သော(၁)နှစ်က စားနပ်ရိက္ခာဖူလုံမှု အနေအထားနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးရာတွင် အိမ်ခြေအားလုံးသည်နည်းလမ်းမျိုးစုံသုံး၍ နေ့စဉ်ထမင်းအနပ်ရေ (၃) နပ်ပြည့်မှီအောင်ကြိုးစားပြီး ဈေးနှုန်းချိုသာသောဆန်များကို အဓိကထားစားသောက်ကြပါသည်။ ဝမ်းစာဖူလုံရန်အတွက် အကြွေးတင်ရှိမှုမှာ ငါးသောင်းမှနှစ်သိန်းအထိရှိပါသည်။ (၁၄) အိမ်အနက် အိမ်ထောင်စု (၁၁) အိမ်သည် တစ်နှစ်လျှင်အများဆုံး (၃) လခန့်အထိ၊ (၃) အိမ်သည် (၅) လခန့်အထိ ငွေမချေးဘဲ၊ ဆန်မချေးရဘဲ အခြားသူများမှရိက္ခာ ထောက်ပံ့မှုမပါဘဲ ထမင်းကို နေ့စဉ်ပုံမှန်အတိုင်းစားသုံးနိုင်သောကာလများဖြစ်ပါသည်။ ၄င်းတို့သည် တစ်နှစ်ပတ်လုံးဝမ်းစာဖူလုံစေရန်အတွက် ဆွေမျိုးသားချင်းများထံတွင်ချေးယူခြင်း၊ ရာသီလိုက် လုပ်ငန်းများလုပ်ကိုင်ခြင်း ဈေးဆိုင်များမှအကြွေးယူခြင်းများပြုလုပ်ရပါသည်။ ဝမ်းစာအခက်ခဲဆုံးကာလများမှာ နယုန်လမှ တော်သလင်းလ အထိဖြစ်ပါသည်။

## (၁.၅.၂) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား(၇) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
| --- | --- | --- | --- | --- |
| သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၀ | ၁ | ၁ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိ | ၁ | ၂ | ၃ |

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား မ ပေါင်း အိမ်ထောင်စုအရေအတွက် |
|---|---|---|
| အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | ၄ |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | - |
| ဆင်းရဲသည့်အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသူ | ၁ |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ အသက်(၆၀)နှင့်အထက်တစ်ဦးမှာ (၇၉) နှစ်ရှိ၍ လေဖြတ်နေပြီးကျေးရွာမှပိုင်းဝန်းစောင့်ရှောက်ကြပါသည်။ မသန်စွမ်းသည့် ပုဂ္ဂိုလ်များအဖြစ် စကားမပြောတတ်သူ(၁)ဦးနှင့်မျက်လုံးမမြင်သူ မိန်းကလေး(၁)ဦးနှင့် စိတ်နားနဲသော အမျိုးသား(၁)ဦးရှိပါသည်။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု (၄) အိမ်ရှိပြီး အခြားဒေသ (ရန်ကုန်) သို့ အချိန်ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသူ (၁)အိမ်ရှိပါသည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ဘေးအန္တရာယ်အမျိုးအစား | အန္တရာယ်ကျရောက်နိုင်ခြေအဆင့် | မှတ်ချက် |
|---|---|---|---|
| | **စီးပွားရေး** | | |
| ၁ | စားနပ်ရိက္ခာမဖူလုံခြင်း | များ | အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့်မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူများသည်စားနပ်ရိက္ခာမဖူလုံမှုနှင့် ကြုံတွေ့ ရနိုင်ပါသည်။ |
| | **ကျန်းမာရေး** | | |
| ၂ | ငှက်ဖျား | အနည်းငယ် | လွန်ခဲ့သော(၅)နှစ်ခန့်ကငှက်ဖျားဖြစ်ပွားလေ့ရှိသော်လည်း မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့်ကျေးရွာငှက်ဖျားတိုက်ရေးလုပ်သားမွေးထုတ်ပြီးစနစ်တကျဆောင်ရွက်သောကြောင့်ငှက်ဖျားရောဂါဖြစ်ပွားမှုသည်တဖြည်းဖြည်းလျှော့ကျသွားပါသည်။ |
| ၃ | ခုခံအားကျဆင်းမှုရောဂါ | အနည်းငယ် | ခုခံအားကျဆင်းမှုရောဂါအန္တရာယ်ကူးစက်နိုင်ခြေများသောပတ်ဝန်းကျင်တွင်အလုပ်လုပ်ခြင်းမဟုတ်သောကြောင့်ကူးစက်မှုခံရနိုင်ခြေနည်းပြီးကာကွယ်သောနည်းလမ်းများအကြောင်းကိုလည်းကောင်းစွာသိရှိကြပါသည်။ |
| ၄ | ဝမ်းပျက်ဝမ်းလျော | အသင့်အတင့် | ရွာတွင်ယင်လုံအိမ်သာသုံးစွဲသူနည်းပါးသောကြောင့်ဝမ်းပျက်ဝမ်းလျောရောဂါ ဖြစ်ပွားနိုင်ပါသည်။ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ် ကျရောက်နိုင် ခြေအဆင့် | မှတ်ချက် |
|---|---|---|---|
| | **လူမှုရေးပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်** | | |
| ၅ | လေပြင်းမုန်တိုင်းနှင့်မိုးများလွန်းခြင်း | မြင့်မား | ပင်လယ်နှင့်နီးလွန်းသောကြောင့်ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်လေ့ရှိသောမုန်တိုင်းနှင့်ဆက်စပ်အန္တရာယ်များကြုံတွေ့ရနိုင် ပါသည်၊ |
| ၆ | မီးဘေး | အနည်းငယ် | နွေရာသီတွင်အန္တရာယ်ရှိနိုင်ပါသည်။ |
| ၇ | မြေဆီလွှာဆုတ်ယုတ်ခြင်း | အသင့်အတင့် | ဓါတ်မြေသြဇာကိုတိုင်းအတာတစ်ခုအထိအသုံးစွဲလာကြသောကြောင့်မြေဆီလွှာအရည်အသွေးကိုထိခိုက်လာပါသည်။ |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ဆင်းရဲသောမိသားစုအများစုသည် မြေယာ၊ပုံမှန်ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံမှုကို ကြုံတွေ့ရနိုင်ပါသည်။ အလယ်အလတ်တန်းတောင်သူများနှင့် တောင်သူကြီးများတွင် လေမုန်တိုင်းကျရောက်ချိန် မိုးများစွာရွာသွန်းခြင်းကြောင့် သီးနှံအထွက်နှုန်းလျော့ကျစေနိုင်ပါသည်။ ထို့ပြင် တောင်သူအများစုသည် ဓါတ်မြေသြဇာသုံးစွဲလာကြသောကြောင့်မြေဆီလွှာအရည်အသွေးကို အတိုင်းအတာတစ်ခုအထိ ထိခိုက်လာပါသည်။ အချုပ်အားဖြင့် မုန်တိုင်းကျရောက်တတ်ခြင်းနှင့်ဝမ်းစာမဖူလုံမှုမှာ ကျေးရွာအတွက် ထိခိုက်လွယ်နိုင်ဆုံးသော အန္တရာယ်များပင်ဖြစ်ပါသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

| စဉ် | အဖွဲ့ | အန္တရာယ် ဖြစ်နိုင်ခြေ အဆင့် | မှတ်ချက် |
|---|---|---|---|
| ၁ | အမျိုးသမီးဦးဆောင်သောဆင်းရဲသားအဖွဲ့ | မြင့်များ | စားနပ်ရိက္ခာ လုံလောက်မှု မရှိခြင်းနှင့် ကျန်းမာရေး၊ လူမှုရေးပြဿနာများ ကြုံတွေ့ရနိုင် |
| ၂ | မြေယာမဲ့ဆင်းရဲသားကျပန်းမိသားစုများ | အသင့်အတင့် | ရာသီအလိုက်ဝင်ငွေရလုပ်ငန်းများသာအားထားနေရသဖြင့်ပုံမှန်ဝင်ငွေရနိုင်သောအလုပ်အကိုင်အခွင့်အလမ်းများနည်းပါးခြင်း၊စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်းနှင့် ကြုံတွေ့ရနိုင် |
| ၃ | ဆင်းရဲသားတောင်သူများအဖွဲ့ | အသင့်အတင့် | မိုးရေချိန်များလွန်းခြင်း၊သီးနှံနှင့်တိရစ္ဆာန်ရောဂါ၊စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်းနှင့် ကြုံတွေ့ ရနိုင် |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ အမျိုးသမီးဦးဆောင်သော ဆင်းရဲသာမိသားစုများသည် စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်း၊ လူမှုရေးနှင့် ကျန်းမာရေးပြဿနာများ ကြုံတွေ့ရနိုင်ပါသည်။ မြေယာမဲ့ဆင်းရဲသားကျပန်းမိသားစုများသည် ရာသီအလိုက်ဝင်ငွေရလုပ်ငန်းများသာ အားထားနေရသဖြင့် ပုံမှန်ဝင်ငွေရနိုင်သော အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးခြင်း၊ စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်းနှင့်ကြုံတွေ့ရနိုင်ပါသည်။ ဆင်းရဲသားတောင်သူများသည် မိုးရေချိန်များလွန်းခြင်း၊ သီးနှံနှင့် တိရစ္ဆာန်ရောဂါ၊ စားနပ်ရိက္ခာ လုံလောက်မှုမရှိခြင်း စသည့်အန္တရာယ်နှင့် ကြုံတွေ့နိုင်ပါသည်။

## (၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

## (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အဖွဲ့ဝင်ဦးရေ | | | အဓိကဆောင်ရွက်သောလုပ်ငန်း | စတင်ဖွဲ့စည်းသည့်ပုဂ္ဂိုလ် |
|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | | |
| ၁ | ကျေးရွာလူငယ်အဖွဲ့ | ၃၀ | ၃၀ | ၆၀ | လူမှုရေးကဏ္ဍ | ကျေးရွာလူငယ်များ |
| ၂ | အမျိုးသမီးရေးရာအဖွဲ့ | - | ၁၅ | ၁၅ | အမျိုးသမီးကဏ္ဍ | ပြင်ပမှဖွဲ့စည်းပေး |
| ၃ | ဂေါပကအဖွဲ့ | ၅ | - | ၅ | ဘာသာရေးလုပ်ငန်းများ | ကျေးရွာသားများ |
| ၄ | ပညာရေးကော်မတီ | ၅ | - | ၅ | ပညာရေးကဏ္ဍ | ကျေးရွာသားများ |
| ၅ | ကျေးရွာပြည်သူ့စစ် | ၅ | - | ၅ | လုံခြုံရေးကဏ္ဍ | ပြင်ပမှဖွဲ့စည်းပေး |
| ၆ | ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့ | ၆ | - | ၆ | ကျန်းမာရေးကဏ္ဍ | ပြင်ပမှဖွဲ့စည်းပေး |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ လူထုအခြေပြုအဖွဲ့(၃)ဖွဲ့ကို မိမိတို့ဘာသာဖွဲ့စည်းပြီး ကျေးရွာလူထု အကျိုးပြုလူမှုရေး လုပ်ငန်းများကိုဆောင်ရွက်ပါသည်။ ကျေးရွာတွင် လူငယ်ဖွံ့ဖြိုးရေးအဖွဲ့ကို (၅)ဦး မှဦးဆောင်၍ စတင်ဖွဲ့စည်းပြီး ယခုအခါ အဖွဲ့ဝင်(၃၀)ဦးထိရှိလာကာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးကိစ္စရပ်များတွင် တက်ကြွစွာဆောင်ရွက်ကြပါသည်။ ကျေးရွာပြည်သူ့စစ်အဖွဲ့ကို မြို့နယ်မှညွှန်ကြားမှုဖြင့်ဖွဲ့စည်းထားသော်လည်း အမှန်တကယ်ကျေးရွာ တွင် တက်ကြွမှုမရှိကြပါ။

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် |
|---|---|---|---|
| - | - | - | - |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်း အချက် အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် မည်သည့်ပြင်ပအဖွဲ့အစည်းများမရှိပါ။

## (၂.၂) စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊

### (၂.၂.၁) စိုက်ပျိုးရေးသီးနှံ

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

ဇယား(၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေယာပိုင်ဆိုင်မှုပမာဏ | အိမ်ခြေ | စုစုပေါင်းအိမ်ထောင်စု % |
|---|---|---|---|
| ၁ | မြေမဲ့ယာမဲ့ | ၄၀ | ၆၆.၇% |
| ၂ | ၀-၂. ၅ ဧကအောက် ( ၁ ဟတ်တာ) | ၈ | ၁၃.၃% |
| ၃ | ၂.၅- ၅ ဧကကြား( ၁-၂ ဟတ်တာ) | ၃ | ၅% |
| ၄ | ( ၅- ၁၂.၅) ဧကအထက်( ၂-၅ ဟတ်တာ) | ၉ | ၁၅ % |
| ၅ | (၁၂.၅) ဧကအထက်( ၅ ဟတ်တာအထက်) | - | - |
| | **စုစုပေါင်း** | **၆၀** | **၁၀၀%** |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာအိမ်ထောင်စုများ၏ ၆၆.၇% သည် မြေယာမဲ့များဖြစ်သည်ဟုဖော်ပြထားပြီးဆင်းရဲချမ်းသာအဆင့်ခွဲခြားမှု နည်းလမ်တွင်လည်း ယေဘုယျအားဖြင့် ဆင်းရဲသည်ဟုဖော်ပြထားပါသည်။ ကျေးရွာလူဦးရေ၏ ၁၃.၃% သည် မြေယာ (၂.၅) ဧက အောက်ပိုင်ဆိုင်သူများနှင့် ၅%သည် မြေယာ (၂.၅) ဧကနှင့် (၅)ဧကနှင့်ကြားပိုင်ဆိုင်သူများဖြစ်ကြပြီး ၁၅%သည် မြေယာ (၅) ဧကနှင့်(၁၂.၅) ဧက ကြားပိုင်ဆိုင်သူ များဖြစ်ကြ ပါသည်။

### (၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | မရှိ | | |
| ၂ | ရေလွှဲဆည် | မရှိ | | |
| ၃ | မြစ်ရေတင်စီမံကိန်း | မရှိ | | |
| ၄ | ဆည်မြောင်း | မရှိ | | |
| ၅ | အဝီစိတွင်း | မရှိ | | |
| ၆ | လက်ငင် ရေတွင်း | မရှိ | | |
| ၇ | စိမ့်စမ်းရေ | မရှိ | | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေရှိနိုင်သော ရေအရင်းအမြစ်များမရှိပါ။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံစိုက်ပျိုးသည့်ကာလ | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | | | | |
| စပါး | ၆၂ | တင်း | ၃၅ | ၄၅ | ၄၀ | ဝါဆိုသီတင်းကျွတ် | အလယ်အလတ် | အလယ်အလတ် | မိုးရေသောက် |
| မြေပဲ | ၅ | တင်း | ၅၀ | ၆၀ | ၅၅ | ဝါဆို-တော်သလင်း, သီတင်းကျွတ်-ပြာသို | အလယ်အလတ် | နိမ့် | အရင်းအနှီးများလွန်း |
| ငရုတ် | ၁ | ပိဿာ | ၁၄၀၀ | ၁၅၀၀ | ၁၄၅၀ | သီတင်းကျွတ် - ပြာသို | အလယ်အလတ် | အလယ်အလတ် | မိသားစုစားသုံးရန် |
| ကွမ်းရွက် | ၂ | အညွန့် | ၁၅၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | တစ်နှစ်ပတ်လုံး | အလယ်အလတ် | မြင့် | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် တောင်သူ(၉)ဦးရှိ၍ တစ်ဦးလျှင် ပျမ်းမျှလယ်ဧက (၆.၉) ဧကနှုန်းခန့် ပိုင်ဆိုင်ပြီး လယ်ဧကစုစုပေါင်း (၆၂) ဧကရှိပါသည်။ ယာမြေစုစုပေါင်း (၈)ဧကဝန်ကျင်ခန့်သာရှိပြီးမြေပဲ၊ငရုတ်နှင့်ကွမ်းတို့ကို အဓိကထားစိုက်ပျိုးကြပါသည်။စပါးမျိုးများအဖြစ် ကောက်ကြီး၊ မနောပုခက်၊ကရင်မ၊ရိုးကြီး၊ယာထွန်းတို့ကို ဇူလိုင်လတွင်လယ်မြေများတွင် စိုက်ပျိုးကြပြီးနိုဝင်ဘာလတွင် ရိတ်သိမ်းကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကလျှင်တင်း(၄၀)ခန့်ထွက်ရှိပါသည်။ မိုးစပါးအပြီးကျန်ရှိသောမြေအစိုဓာတ်ကို အသုံးပြု၍ကုန်းလယ်များတွင် မြေပဲကိုစိုက်ပျိုးကြပြီးတစ်ဧကလျှင် မြေပဲတင်း(၅၀-၆၀)ကြားရရှိပါသည်။ ထို့ပြင် ပဲတီစိမ်းကိုလည်း အနည်းငယ်စမ်းသပ်စိုက်ပျိုးကြပါသည်။ ငရုတ်သီးသည် မရှိမဖြစ်စားသုံးသောသီးနှံဖြစ်ပြီး ငရုတ်နှင့်အတူ မီးဖိုချောင်သီးနှံဖြစ်သော ချဉ်ပေါင်၊ ရုံးပတီ၊ သခွား၊ ပြောင်းဖူးနှင့်ခရမ်းတို့ကို တောင်သူတိုင်းနီးပါး တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ ကွမ်းသည်ကျေးရွာတွင် လွန်ခဲ့သော (၄) နှစ်ခန့်မှစတင်စိုက်ပျိုးပြီး ယခုအခါ ကွမ်းစိုက်တောင်သူ (၁၂) ဦးအထိ တပိုင်တနိုင်စိုက်ပျိုးလာကြပါသည်။ ကွမ်းရွက်များကို ဒေသတွင်းရောင်းချနိုင်သကဲ့သို့ ကွမ်းအညွှန့်များကို ဧရာဝတီတိုင်း ညောင်တုန်း၊ ပန်းတနော်၊ ရေကြည်မြို့နယ်များမှ ကွမ်းစိုက်တောင်သူများကိုယ်တိုင် လာရောက်ဝယ်ယူကြပြီး ဝယ်လိုအားဈေးကွက်ကောင်းမွန်ပါသည်။ ဤဒေသထွက်ကွမ်းပင်၏အားသာချက်မှာ ကွမ်းရောဂါပိုးများနည်းပါးခြင်း၊ ပိုးသတ်ဆေးများယဉ်ပါးမှုမရှိခြင်းနှင့် ရာသီဥတုဒဏ်ခံနိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ကွမ်းစိုက်ခြင်းသည် တောင်သူများ အကျိုးအမြတ်ရသောလုပ်ငန်းဖြစ်ပါသည်။ ကွမ်းတွင် တစ်ခါတစ်ရံ ကျရောက်တတ်သောရောဂါပိုးများမှာဒေသအခေါ် အရွက်ပုပ်ရောဂါ၊ ဒေါင်းမီးကွက်ရောဂါနှင့် အပင်ညှိုးရောဂါများဖြစ်ပြီးရောဂါကျရောက်ချိန်တွင် ကွမ်းနှင့်ပတ်သက်သော နည်းပညာ၊ ဗဟုသုတနည်းပါးသောကြောင့်အခက်အခဲများကြုံတွေ့နေရပါသည်။ ကွမ်းနှင့်ပတ်သက်သော ပညာရှင်များ၊ အတွေ့အကြုံရှိ

သူများ၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ နည်းပညာများရရှိပါက ပျက်စီးဆုံးရှုံးမှုများလျော့နည်းနိုင်ပါသည်။

### (၂.၂.၁.၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

(လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

| စက်အမျိုးအစား | အိမ်ထောင်စုအရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| လက်တွန်းထွန်စက် | ၁ | | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်လယ်ယာ လုပ်ငန်းတွင်အသုံးပြုရန်အတွက် လက်တွန်းထွန်စက် (၁) စီး နွား(၂၃) ကောင်၊ကျွဲ(၁၅)ကောင် ပိုင်ဆိုင်ကြပါသည်။

### (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| စဉ် | အခွင့်အလမ်း | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|---|
| ၁ | စိုက်ပျိုးမြေ(မြေဩဇာ အတင့်အသင့်ကောင်း) | ရှိ | တစ်ဧကလျှင်စပါးတင်း(၄၀)ခန့်ထွက်ရှိပါသည်။ဒေသနှင့်ကိုက်ညီသော နည်းပညာနှင့်မျိုးကောင်းမျိုးသန့်ရရှိပါက ပိုမိုအကျိုးဖြစ်ထွန်းနိုင်ပါသည်။ |
| ၂ | ဈေးငွေရရှိမှု | ရှိ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်လလျှင်အတိုးနှုန်း (၄၂)ပြားနှုန်းဖြင့်၄င်း၊မြို့နယ်သမဝါယမဦးစီးဌာနမှတစ်လလျှင်အတိုးနှုန်း(၆၀)ပြားနှုန်းဖြင့်၄င်း၊လူငယ်ရံပုံငွေမှ တစ်လလျှင် (၅) ကျပ်အတိုးနှုန်းဖြင့် ချေးငွေများရရှိနိုင် |
| ၃ | သွင်းအားစုလက်လှမ်းမှီမှု | ရှိ | ဂွမြို့တွင်အလွယ်တကူဝယ်ယူအသုံးပြုနိုင် |
| ၄ | စိုက်ပျိုးရေးထုတ်ကုန်နှင့်ကုန်စည်ရောင်းဝယ်မှု | ရှိ | ဂွမြို့နှင့်သံတွဲမြို့များသို့အလွယ်တကူရောင်းချနိုင်ပါသည် |
| ၅ | လမ်းပန်းဆက်သွယ်ရေး | ရှိ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍အလွယ်တကူဈေးကွက်သို့ရောင်းချနိုင် |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်လယ်ယာမြေများသည် မြေဩဇာအသင့်အတင့် ကောင်းမွန်ပြီးမိုးတွင်းကာလတွင် ရေလုံလောက်စွာရရှိပါသည်။ လယ်ယာထုတ်ကုန်ပိုမိုထွက်ရှိစေရန်အတွက် တစ်နှစ်လျှင်နှစ်သီးစားစိုက်ပျိုးရေးပြုလုပ်နိုင်ရေး နွေရာသီ၌သွင်းရေလိုအပ်ပါသည်။ မြေအောက်ရေအလွယ်တကူတူးဖော်နိုင်သော်လည်း မြေအောက်ရေကိုစုပ်တင်ရန်အတွက် အင်ဂျင်စက်ဝယ်ရခြင်း၊ စက်သုံးဆီအတွက် ငွေကုန်ကြေးကျများခြင်းစသော အခက်အခဲများရှိနိုင်ပါသည်။ ချေးငွေအတွက်ဂွ

မြို့မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ကျေးရွာဂေါပကအဖွဲ့ထံမှ ချေးယူရရှိ နိုင်ပါသည်။ စိုက်ပျိုးရေး ထုတ်ကုန်များကို ဂွမြို့နှင့်သံတွဲမြို့များသို့ရောင်းချနိုင်ရန် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ သီးနှံနှစ်သီးစားစနစ်ဖြင့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုအပ်ခြင်းမှာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ ဖြစ်ပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှု အတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား(၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| စဉ် | ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ၁ | မြေယာအသုံးချနိုင်မှု | စိုက်ပျိုးမြေ ထပ်မံတိုးချဲ့၍မဖြစ်နိုင်ခြင်း |
| ၂ | ငွေကြေးအရင်းအနှီးလက်လှမ်းမီမှု | တောင်သူများအတွက် အမှန်တကယ်လိုအပ်သလောက် ချေးငွေ မရရှိနိုင် |
| ၃ | သွင်းအားစုတတ်နိုင်မှု | လိုအပ်သောသွင်းအားစုများကိုလိုအပ်သလောက်အချိန်မီဖြုပ်နှံရန် တောင်သူများတွင် ကိုယ်ပိုင်အရင်းအနှီးမရှိ |
| ၄ | စိုက်ပျိုးရေရရှိမှု | နွေရာသီရေသွင်းစိုက်ပျိုးရေးစနစ်အတွက်အရင်းအမြစ်ရှားပါး |
| ၅ | ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | စပါး၊ကွမ်းရွက်တွင်ကျရောက်တတ်ပြီးတောင်သူများတွင်သီးနှံကာကွယ်ခြင်းနှင့်ဆိုင်သောအသိပညာနည်းပါးခြင်း |
| ၆ | နည်းပညာရရှိနိုင်မှု | သက်ဆိုင်ရာအစိုးရဌာနမှခေတ်မီနည်းပညာများရရှိရန် ခက်ခဲ |
| ၇ | ဈေးနှုန်းမတည်ငြိမ်မှု၊ငွေကြေးဖောင်းပွမှုနှင့်ဈေးကွက်မငြိမ်သက်မှု | သီးနှံဈေးကွက်အတက်အကျဖြစ်ခြင်း၊စိုက်ပျိုးရေးထွက်ကုန်များ ပြည်မကိုတင်ပို့ရန်အကုန်အကျများလွန်းခြင်း |
| ၈ | အစိုးရမူဝါဒနှင့် ပံ့ပိုးပေးမှု | လယ်သမားများအားအကာအကွယ်ပေးသောမူဝါဒအစိုးရတွင်မရှိသေးခြင်း(ဥပမာ-သဘာဝဘေးကြောင့်သီးနှံများပျက်စီးဆုံးရှုံးချိန်တွင်အစိုးရထံမှအကူအညီမရရှိခြင်း) |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာပိုင်စိုက်ပျိုးမြေသည် အခြားကျေးရွာမှပိုင်ဆိုင်သော စိုက်ပျိုးမြေများနှင့် တစ်ဆက်တည်းရှိသောကြောင့် ထပ်မံတိုးချဲ့၍မရနိုင်တော့ပါ။ ခေတ်မီသောစိုက်ပျိုးနည်းစနစ်များနှင့် အလှမ်းကွာဝေးလွန်းပြီး မိရိုးဖလာစိုက်ပျိုးရေးနည်းစနစ်များကိုသာ အသုံးပြုစိုက်ပျိုးနေခြင်းကြောင့်သီးနှံအထွက်နှုန် မကောင်းပါ။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ၊မြို့နယ် သမဝါယမဦးစီးဌာနနှင့် လူငယ်ရံပုံငွေများမှ ချေးငွေရရှိနိုင်သော်လည်း တောင်သူများအနေဖြင့် လုံလောက်သောငွေပမာဏမရရှိနိုင်ပါ။ သီးထပ်စိုက်ပျိုးနိုင်ရန်အတွက် ရေအရင်းအမြစ်မရှိသောကြောင့် တစ်သီးစားစနစ်ကိုသာကျင့်သုံးကြရပါသည်။ နည်းပညာနှင့်ပတ်သက်၍ ဗဟုသုတနည်းပါးသောကြောင့်သီးနှံဖျက်ပိုးများနှင့် ရောဂါကျရောက်မှုမှကာကွယ်ရန် အခက်အခဲများနှင့် ရင်ဆိုင်ကြရပါသည်။ ယုံကြည်စိတ်ချရလောက်သောဈေးကွက်မရှိသောကြောင့် ထုတ်ကုန်သီးနှံများ ထိုက်သင့်သလောက် အကျိုး

အမြတ်မရကြပါ။ ထို့ပြင် အစိုးရတွင်လယ်သမားများအား အကာအကွယ်ပေးသော မူဝါဒနှင့်နည်း ဥပဒေများမရှိသေးသောကြောင့် တောင်သူများအနေဖြင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့်သာ ရုန်းကန်နေကြရပါသည်။

## (၂.၂.၂) မွေးမြူရေး လုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၉ | (၉)အိမ်ထောင်စုမှ (၂၁)ကောင်မွေးမြူထားပါသည်။ |
| ကျွဲ | ၅ | (၁၅)ကောင်မွေးမြူထားရှိပါသည်။ |
| ဝက် | ၂၀ | (၃၆)ကောင်မွေးမြူထားရှိပါသည်။ |
| ကြက် | ၄၂ | (၃၁၅)ကောင်မွေးမြူထားပါသည်။ |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ ခုနှစ်)**

လေ့လာတွေ့ရှိချက်။ ဝက်မွေးမြူရေးသည် ဆင်းရဲသောအိမ်ထောင်စုများအတွက် အကျိုးရှိသောလုပ်ငန်းဖြစ်သောကြောင့်(၂၇) အိမ်ထောင်စုသည်ဝက်မွေးကြပါသည်။ အိမ်ထောင်ရှင်အမျိုးသမီးများအနေဖြင့် မိသားစုအိမ်မှုလုပ်ငန်းလုပ်ကိုင်ရင်း အလွယ်တကူမွေးမြူ၍ ဈေးကွက်သို့တင်ပို့နိုင်သော်လည်းတစ်ခါတစ်ရံတွင် ဖွဲ၊ဆန်ကွဲဈေးနှုန်းကြီးမားမှုကြောင့် အမြတ်နည်းပါးတတ်ပါသည်။ နွားပိုင်ဆိုသည့် အိမ်ထောင်စုမှာ (၃၆) ရှိပါသည်။ နွားမွေးမြူရေးသည် ကျေးရွာသားများအတွက် မိရိုးဖလာလုပ်ငန်းဖြစ်သော်ပြီး လယ်ယာလုပ်ငန်းခွင်တွင်ခိုင်းစေရန်နှင့် ရောင်းချနိုင်အတွက် မွေးမြူကြသော်လည်း ဆင်းရဲသားအိမ်ထောင်စုများအတွက် အခက်အခဲမှာနွားဝယ်ယူရန် အရင်းအနှီးမတတ်နိုင်ခြင်းနှင့် နွားရောဂါရုံဖန်ရုံခါကျရောက် တတ်ခြင်းဖြစ်ပါသည်။ ဘဲကိုအိမ်ထောင်စု (၇) အိမ်မှမွေးမြူပြီးအဓိကအားဖြင့် အသားအတွက်မွေးမြူကြပါသည်။ ကြက်မွေးမြူရေးလုပ်ငန်းကို (၄၁) အိမ်မှမွေးမြူထားပြီး အချုပ်အားဖြင့်ဆိုရသော် ကျေးရွာသည်မွေးမြူရေးလုပ်ငန်းကို အတော်အသင့်အားထားသောကျေးရွာဖြစ်ပါသည်။

### (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| စဉ် | အခွင့်အလမ်းများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ၁ | တိရစ္ဆာန်အစားအစာ | တိရစ္ဆာန်များအတွက်ကောက်ရိုးနှင့်ရွာအနီးအနားတွင်ပေါက်ရောက်သောနွယ်မြက်ပင်များပေါများစွာရှိခြင်းကြောင့်အစားအစာဖူလုံမှုရှိခြင်း၊ |
| ၂ | သွင်းအားစုဈေးကွက် | တိရစ္ဆာန်အတွက်လိုအပ်သောဆေး/အစာများကိုသံတွဲမြို့တွင်ဝယ်ယူရရှိနိုင်ခြင်း |
| ၃ | ဝန်ဆောင်မှုဆိုင်ရာဈေးကွက် | ဂွမြို့နယ် တိမွေး/ကုဦးစီးဌာန၊ |

| စဉ် | အခွင့်အလမ်းများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ၄ | ထုတ်ကုန်ဈေးကွက် | ပွဲစားထံအလွယ်တကူ ရောင်းချနိုင်ခြင်း(သို့) ဂွမြို့သို့သွားရောက်ရောင်းချနိုင်ခြင်း |
| ၅ | ချေးငွေရရှိနိုင်မှု | ကျေးရွာလူငယ်ရန်ပုံငွေ |
| ၆ | လမ်းပန်းဆက်သွယ်ရေး | နေ့စဉ်ပုံမှန်မော်တော်ဆိုင်ကယ်နှင့် ကားများပြေးဆွဲသဖြင့် ဈေးကွက်သို့ အချိန်မီတင်ပို့နိုင် |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာသည်ပင်လယ်နှင့်(၅)ကီလိုမီတာသာဝေးကွာသောကြောင့် တစ်နှစ်လျှင်မိုးရေချိန်လက်မ (၂၁၀)ဝန်းကျင်ရရှိပြီး နွယ်မြက်သစ်ပင်များကောင်းမွန်စွာ ရှင်သန်ပေါက်ရောက်နိုင်၍ နွားများအတွက်အစာအဖြစ်အလွယ်တကူ ရရှိနိုင်ပါသည်။ မွေးမြူရေးလုပ်ငန်းတွင် နွားမွေးမြူရေးလုပ်ငန်းတစ်ခုသည် ကျေးရွာအတွက်ဝင်ငွေတိုးတက်နိုင်မည့် အကျိုးအမြတ်များသောလုပ်ငန်းတစ်ခုဖြစ်ပါသည်။ နွားတစ်ကောင်လျှင် (နှစ်သိန်းကျပ် မှ ခြောက်သိန်း) ကျပ်အထိအရွယ်အစားနှင့်မျိုးကောင်းမျိုးသန့်ပေါ်မူတည်၍ ဈေးကောင်းရရှိနိုင်ပြီး အထီးသည်အမထက် ဈေးပိုရပါသည်။ နွားကိုပတ်ဝန်းကျင်ကျေးရွာများအပြင် ဂွမြို့နှင့် သံတွဲမြို့များသို့ တရားဝင်ရောင်းချနိုင်ပါသည်။

## (၂.၂.၂.၃) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

| စဉ် | အခက်အခဲနှင့် ပြဿနာများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ၁ | နည်းပညာအားနည်းခြင်း | စီးပွားဖြစ်တိရစ္ဆာန်မွေးမြူရေး၊ စီမံခန့်ခွဲမှုစသည့် နည်းပညာနှင့် ဗဟုသုတတို့ အားနည်းခြင်း |
| ၂ | မျိုးကောင်းမျိုးသန့် | နွားမျိုးကောင်းမျိုးသန့် ဝယ်ယူမွေးမြူရန် အရင်းအနှီးများခြင်း၊၄င်းမျိုးကောင်းနွားများသည်ဒေသရေမြေရာသီနှင့်မကိုက်ညီဟုအထင်ရှိနေကြခြင်း |
| ၃ | ရောဂါများကျရောက်တတ်ခြင်း | တိရစ္ဆာန်အသိပညာနည်းပါးခြင်းနှင့်ကာကွယ်ဆေးပြည့်မီစွာထိုးနှံလေ့မရှိခြင်း |
| ၄ | ချေးငွေ | တိရစ္ဆာန်တိုးတက်မွေးမြူရန်အတွက်လိုအပ်သောချေးငွေဝန်ဆောင်မှုများ လက်လှမ်းမမှီခြင်း |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ဆင်းရဲသားမိသားစုများအတွက် တိရစ္ဆာန်များမွေးမြူနိုင်ရန်လုံလောက်သော ချေးငွေစနစ်မရှိပါ။ ကျေးရွာသားများသည် မျိုးကောင်းမျိုးသန့်မွေးမြူရေး အသိပညာဗဟုသုတနှင့် စိတ်ဝင်စားမှုအားနဲခြင်းကြောင့်ဒေသမျိုးများကိုသာ မွေးမြူနေကြရပါသည်။ တစ်ခါတရံ ရောဂါဆိုးဆိုးရွားရွားကျရောက်ချိန်တွင် ကာကွယ်ကုသသော နည်းပညာများအလှမ်းကွာဝေးခြင်းနှင့် မိမိတို့ဘာသာဆေးမီးတိုများဖြင့်ကုသခြင်း၊ တိရစ္ဆာန်ကျန်းမာရေး အသိပညာနှင့်ပတ်သက်၍ တိမွေးကုဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သော အတွေ့အကြုံအားနည်းခြင်းတို့ကြောင့် မလိုအပ်ဘဲ

တိရစ္ဆာန်များဆုံးရှုံးမှုများနှင့် ကြုံတွေ့ရင်ဆိုင်နေရပါသည်။ နွားများကို ပြည်တွင်းဈေးကွက်သို့ ထိုက်သင့်သော ဈေးနှုန်းဖြင့်တရားဝင်ရောင်းချနိုင်သော်လည်း တစ်ခါတစ်ရံတွင် ဈေးကွက်ပျက်ခြင်း ဈေးနှိမ်၍ဝယ်ယူခြင်းများ ကြုံတွေ့ရပါသည်။ ဆင်းရဲသား မိသားစုများအနေဖြင့် ဈေးနှုန်းမြင့်မား သောနွားမျိုးများဝယ်ယူနိုင်ရန်အခက်အခဲများစွာ ရှိကြပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမားအရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | ၂၆ | ၁၀ | ၁၆ | (လတ်)သစ်ဝါးထုတ်လုပ်သောလုပ်ငန်း |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | | - | ၁ | (နိမ့်)ပန်းရံ လုပ်ငန်း |
| ၅ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | - | ၁ | (နိမ့်)စက်ပြင်လုပ်ငန်း |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေး သူ) | | | | |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၄ | | ၄ | (လတ်)အိမ်ဆိုင်များ |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | - | - | - | |
| ၉ | ပို့ဆောင်ရေး၊သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | - | - | - | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမားအရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှား ရမ်းခြင်းနှင့်ဆက်စပ်သော လုပ်ငန်းများ | - | - | - | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | ၂ | - | - | (လတ်)အုပ်ချုပ်ရေး |
| ၁၃ | ပညာရေး | ၁ | - | - | (လတ်)မူလတန်းပညာရေး |
| ၁၄ | ကျန်းမာရေး | ၁ | - | - | သားဖွားဆရာမ |
| ၁၅ | လူမှုရေး လုပ်ငန်းများ | - | - | - | |
| ၁၆ | အခြားကိုယ်ပိုင်လုပ်ငန်း ရှင်များ(အထက်ဖော်ပြပါ လုပ်ငန်းများမှအပ) | ၁၀ | ၁၀ | ၁၀ | (ရာသီပေါ်လုပ်ငန်းများ ဖြစ်သည့်လမ်းခင်းခြင်း၊ မျှစ်ချိုးခြင်းသစ်၊ဝါးလုပ်ငန်းခွင်တွင်ကျပန်းလုပ်သားအဖြစ် လုပ်ကိုင်ခြင်း |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | |
| **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | | **၄၄** | **၂၀** | **၃၂** | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိကျပန်းလုပ်သားများသည် ဓနိယက်လုပ်ခြင်း၊ထင်းခုတ်ခြင်း၊ လမ်းခင်းခြင်း၊ မျှစ်ချိုးခြင်း သစ်၊ ဝါးလုပ်ငန်းခွင်တွင် ကျပန်းလုပ်သားအဖြစ် လုပ်ကိုင်ကြပါသည်။ သို့သော်တနှစ်ပတ်လုံးပုံမှန် ဝင်ငွေရသောအလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးသည်ကိုတွေ့ရှိရပါသည်။

### (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
|---|---|
| ကျေးရွာသည်ပင်လယ်နှင့်(၃)မိုင်ခန့် အကွာတွင် တည်ရှိသောကြောင့် ရေငန်ငါးဖမ်းလုပ်ငန်းများလုပ်နိုင် | အရင်းအနှီးမရှိခြင်း၊အတွေ့အကြုံမရှိခြင်း၊နည်းပညာအားနဲခြင်း၊ဘာသာရေးအရမလုပ်လိုခြင်း၊ပင်လယ်သို့စက်လှေဖြင့်သွားရောက်ရန်ချောင်းလမ်းမကောင်းခြင်း၊ရွာပိုင်စက်လှေများရပ်နားနိုင်ရန် လုံခြုံစိတ်ချရသော နေရာမရှိခြင်း |
| အလုပ်ကြမ်းလုပ်သားများကျေးရွာတွင်ပေါများစွာရှိနေခြင်း | ကျပန်းလုပ်ငန်းများအဖြစ်လမ်းခင်းခြင်း၊စိုက်ပျိုးရေးလုပ်ငန်းများတွင်လုပ်ကိုင်နိုင်သော်လည်းတစ်နှစ်ပတ်လုံးပုံမှန်ဝင်ငွေရ လုပ်ငန်းရှား ပါးခြင်း။ |
| ခနိရက်လုပ်ခြင်းလုပ်ငန်းအားတိုးချဲ့ လုပ်ကိုင်နိုင်ခြင်း | အရင်းအနှီးနဲပါးခြင်း၊ဈေးကွက်အတွေ့အကြုံမရှိခြင်း၊အဆက်အသွယ်မရှိခြင်း |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ရေငန်ငါးဖမ်းခြင်းလုပ်ငန်းသည် မြေမဲ့ယာမဲ့နှင့် ကျပန်းလုပ်သားများအတွက် ဝင်ငွေရနိုင်သောလုပ်ငန်းဖြစ်ပြီး ကျေးရွာနှင့်(၅)ကီလိုမီတာခန့်ကွာဝေးသော ပင်လယ်ပြင်တွင် ရေသယံဇာတ များစွာရှိပါသည်။ သို့သော်ကျေးရွာပိုင် ငါးဖမ်းစက်လှေများ ပင်လယ်ကမ်းစပ်တွင် ထားရန် လုံခြုံမှုမရှိခြင်း၊နည်းပညာ၊ ငွေအရင်းအနှီးမရှိခြင်းနှင့် လုပ်ငန်းအသစ်တစ်ခုကို စွန့်ဦးတီထွင်လုပ်ကိုင်နိုင်သော အတွေ့အကြုံမရှိခြင်းတို့ကြောင့် ရေငန်ငါးဖမ်းလုပ်ငန်းကို အကောင် အထည်မဖော်နိုင်ကြပါ။ ကျေးရွာတွင်အလုပ်လုပ်နိုင်သော အသက်အရွယ်များစွာရှိသော်လည်း ၄င်းတို့တွင်အသက်မွေးဝမ်းကျောင်း ပြုနိုင်လောက်သောနည်းပညာများ အားနည်းခြင်း၊ အဆက်အသွယ်များမရှိခြင်းတို့ကြောင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများမလုပ်ကိုင်နိုင်ကြပါ။ ဒေသတွင်း နွားရောင်းဝယ်ခြင်းဈေးကွက်သည် အခွင့်အလမ်းတစ်ခုအနေဖြင့်ရှိနေသော်လည်း ကျေးရွာသား များသည်အရင်းအနှီးမရှိခြင်း၊ ဈေးကွက်အတွေ့အကြုံမရှိခြင်း၊ အဆက်အသွယ်မရှိခြင်းတို့ကြောင့် အခြားမြို့ရွာများမှ ပွဲစားများမှတဆင့် ရောင်းချနေကြရပါသည်။

## (၂.၃) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား(၂၃) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

| စဉ် | ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|---|
| ၁ | ကျေးရွာမှအကွာအဝေး (ကီလိုမီတာ) | ဂွမြို့ဈေးသို့ (၁၁)ကီလိုမီတာ | ဂွမြို့နယ်ဈေးသို့(၁၁)ကီလိုမီတာ |
| ၂ | သယ်ယူပို့ဆောင်ရေးလမ်းကြောင်း | လိုင်းကား၊မော်တော်ဆိုင်ကယ် | လိုင်းကား၊မော်တော်ဆိုင်ကယ် |
| ၃ | ရရှိနိုင်သောကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ | အမယ်မျိုးစုံ(အစားအစာ၊ အဝတ်အစား၊ဆောက်လုပ်ရေးပစ္စည်း၊လျှပ်စစ်ပစ္စည်း၊သယ်ယူပို့ | အမယ်မျိုးစုံ(အစားအစာ၊ အဝတ်အစား၊ဆောက်လုပ်ရေးပစ္စည်း၊လျှပ်စစ်ပစ္စည်း၊ |

| စဉ် | ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|---|
| ၄ | ဈေးအဆောက်အဦးနှင့် ဝန်ဆောင်မှု | ဆောင်ရေးပစ္စည်း၊ ဈေးအဆောက်အဦးအသင့်အတင့်ကောင်းမွန်ပါသည်။ပုံမှန်ဈေးဖြစ်ပြီးဆိုင်ကယ်၊ကား၊ လိုင်းကား ဖြင့်သွားနိုင်၊ | သယ်ယူပို့ဆောင်ရေးပစ္စည်း ဈေးအဆောက်အဦးအသင့်အတင့်ကောင်းမွန်ပါသည်။ ပုံမှန်ဈေးဖြစ်ပြီး ဆိုင်ကယ်၊ကား၊လိုင်းကားဖြင့်သွားနိုင်၊ |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာသည်ဂွမြို့နှင့် (၁၁) ကီလိုမီတာဝေးကွာသော်လည်း တစ်နှစ်ပတ်လုံး မြေသားလမ်းမှတဆင့်ကျောက်ခင်းလမ်းကိုအသုံးပြု၍ ကား၊ ဆိုင်ကယ်များဖြင့် သွားရောက်နိုင်ပါသည်။ ဂွမြို့တွင် အိမ်ဆိုင်များနေ့စဉ်ဖွင့်လှစ်ခြင်း မြို့မဈေးရှိခြင်းတို့ကြောင့် ကုန်စည်များဖလှယ်ရာအဓိကနေရာတစ်ခု ဖြစ်ပါသည်။ မြို့ပေါ်တွင် ဆန်ပွဲရုံများ၊ ငါးပုဇွန် အဂယ်ဒိုင်များ၊ စားသောက်ဆိုင်များ၊ ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်များ၊ ဆက်သွယ်ရေးပစ္စည်းဆေးဆိုင်များကို အလွယ်တကူလက်လှမ်းမှီနိုင်ပါသည်။ မြို့ပေါ်တွင် တည်းခိုခန်း (၄) ခုရှိသော်လည်း ဟိုတယ်များ၊ လယ်ယာသုံး၊ စက်ပစ္စည်း(ဉပမာ–လက်တွန်းထွန်စက်) အရောင်းဆိုင်များနှင့် အထူးကုဆေးခန်းများမရှိကြပါ။ မြို့မဈေးသည် တစ်ထပ်ဆိုင်ခန်းတွဲများနှင့်ဖွဲ့စည်းထား၍ ကုန်စိမ်းတန်း၊ သားငါးတန်း၊ ကုန်ခြောက်တန်း၊ အဂတ်အထည်တန်းနှင့် စက်ပစ္စည်းဆိုင်တန်းများရှိကြပြီး အဆောက်အဦ၏အရည်အသွေးမှာ အလယ်အလတ်အဆင့်ရှိပါသည်။

## (၂.၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အခက်အခဲများ |
|---|---|---|---|---|---|
| မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ချေးငွေ | ၆လ | တစ်နှစ် ၄.၈% | မလို | ပုံသေစည်းမျဉ်း |
| ပုဂ္ဂလိကအပေါင်ဆိုင် | ချေးငွေ | တိကျသောကာလ | တစ်နှစ် ၃၆% | လိုအပ် | ပုံသေစည်းမျဉ်း |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ချေးငွေ | တိကျသောကာလ | တစ်နှစ် (၅-၁၀)% | မလို | လိုသလောက်မရနိုင် |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ချေးငွေရရှိမှုနှင့် ဘဏ်ဝန်ဆောင်မှုကဏ္ဍများသည် ကျေးရွာသားများ၏ အသက် မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရေးကြီးပါသည်။ ချေးငွေရရှိမှုနှင့် ဘဏ်ဝန်ဆောင်မှုကဏ္ဍများသည် ယေဘုယျအားဖြင့် ကျေးရွာသားများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် အရေးကြီးပါသည်။ ကျေးရွာသားများအတွက် ချေးငွေရရှိနိုင်သောအသင်းအဖွဲ့မှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပုဂ္ဂလိကအပေါင်ဆိုင်နှင့် မိတ်ဆွေ/ ဆွေမျိုးများတို့ဖြစ်ပါသည်။ ရွှေငွေ

ရတနာရှိသူများအတွက် ဂွမြို့နယ်ရှိပုဂ္ဂလိကအပေါင်ဆိုင်များတွင် ချေးငွေရရှိနိုင်ပါသည်။ လယ်မြေပိုင်ဆိုင်မှုအထောက်အထားရှိ တောင်သူများအနေဖြင့် ဂွမြို့တွင်ရှိသောမြန်မာ့လယ်ယာ စိုက်ပျိုးရေးဘဏ်(MADB)မှ ဘဏ်ချေးငွေရရှိနိုင်ပါသည်။ ကျေးရွာစိုက်ဘဏ်ကော်မတီ၏ ဦးဆောင်မှုဖြင့် MADB ဘဏ်မှ လယ်သမား(၉)ဦးမှ ချေးငွေများချေးယူထားကြပါသည်။ တောင်သူတစ်ဦးမှ တစ်ဧကလျှင် ငွေကျပ် (၁) သိန်း ချေးယူရရှိပြီးအများဆုံး(၁၀)ဧက အတွက် ငွေချေးရယူနိုင်ပါသည်။

## (၂.၅) သဘာဝဘေးအန္တရာယ်လျှော့ချခြင်းအပါအဝင် ပါတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု

### (၂.၅.၁) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| စဉ် | ပြဿနာ | အန္တရာယ်အဆင့်သတ်မှတ်ချက် | ဖြေရှင်းချက်/ရှင်းလင်းချက် |
|---|---|---|---|
| | **သဘာဝသယံဇာတများစီမံခန့်ခွဲခြင်း** | | |
| ၁ | မြေဆီသြဇာ | အသင့်<br>အတင့် | ဓါတုမြေသြဇာများအသုံးပြုခြင်း၊မြေဆီလွှာထိန်းသိမ်းသည့်အလေ့အထများမရှိသေးပါ |
| ၂ | သီးနှံဖျက်ပိုးနှင့်ရောဂါနှိမ်နင်းသောအလေ့အကျင့်များ | အသင့်<br>အတင့် | ဘက်စုံသီးနှံဖျက်ပိုးကာကွယ်နှိမ်နင်းသောနည်းစနစ်များနှင့်အကျွမ်းတဝင်မရှိခြင်း |
| | **ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ** | | |
| ၃ | သစ်တောများပြုန်းတီးလာခြင်း | မြင့် | ထင်းအပါအဝင်သစ်တောထွက်ပစ္စည်းများအလွန်အကျွံ ထုတ်ယူအသုံးပြုခြင်း |
| ၄ | မိုးသည်းထန်စွာရွာသွန်းခြင်း | အသင့်<br>အတင့် | မိုးများသည်းထန်စွာဆက်တိုက်ရွာသွန်းခြင်းကြောင့် သီးနှံများပျက်စီးမှု ရှိတတ်ပါသည်။ |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့်ပါတ်သက်၍ အောက်ဖော်ပြပါ အကြောင်းအရာ (၄)မျိုးကို ကျေးရွာအတွင်းတွေ့ကြုံနေရပါသည်-

(၁) မြေဆီပျက်စီးလာခြင်း- တောင်သူအများစုသည် သဘာဝမြေသြဇာအစား ဓါတုပစ္စည်းများကို အသုံးပြုလာခြင်း၊ သီးနှံတစ်မျိုးတည်းကိုသာနှစ်ရှည်လများစွာ စိုက်ပျိုးခြင်းတို့ကြောင့် မြေဆီ လွှာကို အတိုင်းအတာတခုအထိ ထိခိုက် နိုင်ပါသည်။

(၂) သစ်တောများပြုန်းတီးလာခြင်း-ကျေးရွာသည် ရခိုင်ရိုး၏တောင်စွယ်တောင်တန်းများအခြေတွင်တည်ရှိပြီး ကျေးရွာသားများအားလုံး ထင်းအပါအဝင် သစ်မာ/ ပျော့မျိုးစုံကိုအလွန်အကျွံ ထုတ်ယူအသုံးပြုခြင်းကြောင့် သစ်တောများ ပြုန်းတီးလာပါသည်။

(၃) သီးနှံဖျက်ပိုးနှင့် ရောဂါနှိမ်နင်းသောအလေ့အကျင့်များ– စိုက်ပျိုးသီးနှံများတွင် ရောဂါနှင့်ပိုးမွှားကျရောက်လာပါက ဓါတုပိုးသတ်ဆေးများကို မဆင်မခြင်သုံးစွဲခြင်းတို့ကြောင့် ဆေးယဉ်ပါးပိုးမွှားနှင့် ရောဂါများကိုနှိမ်နင်းနိုင်ရန် နည်းပညာများအားနည်းခြင်းကြောင့် တချို့နှစ်များတွင် သီးနှံများပျက်စီးဆုံးရှုံးကြရပါသည်။

(၄) မိုးသည်းထန်စွာရွာသွန်းခြင်း - ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းများဖြစ်ပေါ်ချိန်တွင် မိုးများသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခြင်းကြောင့် တစ်ခါတစ်ရံသီးနှံများပျက်စီးဆုံးရှုံး လေ့ရှိကြပါသည်။

## (၂.၅.၂) သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

ဇယား(၂၆) သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

| **အမျိုးအစား** | **အန္တရာယ် ဖြစ်နိုင်ခြေ(နည်း / လတ်/များ)** | **ဖော်ပြချက်/ ရှင်းလင်းချက်** | **လက်ရှိဘေးအန္တရာယ်လျှော့ချရေးအလေ့ အကျင့်များ** |
|---|---|---|---|
| ရေလွှမ်းမိုး ခြင်း | အလယ်အလတ် | မိုးရေချိန်လက္ခများချိန်တွင်လယ်ကွင်းများတွင်ရေမြုပ်ခြင်းများတွေ့ | လယ်ကွင်းများဘေးတွင်ရေထုတ်မြောင်းများကိုကောင်းစွာဖောက်လုပ်ထားခြင်း |
| မုန်တိုင်း | မြင့် | နှစ်စဉ်နီးပါးကြုံတွေ့နေရ | ပင်လယ်နှင့်နီးကပ်လွန်းသောကြောင့်လေပြင်းမုန်တိုင်းအန္တရာယ်များ နှစ်စဉ်နီးပါးကြုံတွေ့နေရသော်လည်းစနစ်ကျသောမုန်တိုင်းဒဏ်ကာကွယ်သည့်အစီအစဉ်များချမှတ်မထားပါ |
| တိရစ္ဆာန်ရောဂါဖြစ်ပွါးမှု | အလယ်အလတ် | ဒေါင့်တန်းရောဂါနှင့်ခွါနာလျှာနာရောဂါများရံဖန်ရံခါကျရောက်မှုရှိပါသည်။ | ရံဖန်ရံခါကာကွယ်ဆေးထိုးခြင်းနှင့်အခါအားလျော်စွာတိမွေးကုနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း |
| လူရောဂါ ဖြစ်ပွါးမှု | နည်း | သာမန်နှာစေးချောင်းဆိုး၊တုတ်ကွေး၊ဝမ်းပျက်ဝမ်းလျှောရောဂါ၊သန်ကောင်ရောဂါမှအပကျန်းမာရေးပြသနာကြီးကြီးမားမားမရှိပါ | သားဖွားဆရာမမှကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ဆေးစိမ်ခြင်ထောင်များအသုံးပြုခြင်းနှင့်ကျန်းမာရေးကော်မတီမှကြီးကြပ်ပေးခြင်း |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ပင်လယ်နှင့်နီးကပ်လွန်းသောကြောင့် လေပြင်းမုန်တိုင်းအန္တရာယ်များ နှစ်စဉ်နီးပါးကြုံတွေ့နေရသော်လည်း စနစ်ကျသောမုန်တိုင်းဒဏ် ကာကွယ်သည့်အစီအစဉ်များချမှတ်မထားပါ။

## (၂.၆) ပညာရေးနှင့်စာတတ်မြောက်မှု

### (၂.၆.၁) စာတတ်မြောက်မှု

ဇယား(၂၇) စာတတ်မြောက်မှု

| ပညာရေး | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် ကျောင်းနေလူဦးရေ၏ % |
|---|---|---|---|---|
| လုံးဝကျောင်းမနေသူများ | ၃ | ၆ | ၉ | ၄.၇ % |
| ဘာသာရေးအခြေပြုပညာရေး | ၉ | ၁၃ | ၂၂ | ၁၁.၄% |
| မူလတန်းပညာရေးမပြီးဆုံးမီကျောင်းထွက်သူများ | ၁၀ | ၁၉ | ၂၉ | ၁၅.၀% |
| မူလတန်းပညာရေးပြီးဆုံးသူများ | ၄၅ | ၃၉ | ၈၄ | ၄၃.၅% |
| အလယ်တန်းပညာရေးပြီး ဆုံးသူများ | ၂၂ | ၁၉ | ၄၁ | ၂၁.၃% |
| အထက်တန်းပညာရေးပြီး ဆုံးသူများ | ၄ | ၃ | ၇ | ၃.၆ % |
| တက္ကသိုလ်ပညာပြီးဆုံးသူများ | ၁ | - | ၁ | ၀.၅% |
| ၉နှစ်အထက်လူဦးရေပေါင်း | ၉၄ | ၉၉ | ၁၉၃ | ၁၀၀% |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျွန်ုပ်တို့ကျေးရွာတွင် စာမတတ်သူ(၉)ဦးခန့်ရှိပြီး အများစုစာရေးတတ်ဖတ်တတ်ကြပါသည်။ ဘုန်းတော်ကြီးသင်ပညာရေး (၂၂) ဦး၊ မူလတန်းပညာရေးပြီးဆုံးသူ စုစုပေါင်း (၈၄) ဦး၊ အလယ်တန်းပညာရေးပြီးဆုံးသူ (၄၁) ဦး၊ အထက်တန်းပညာရေးပြီးဆုံးသူ (၇) ဦး၊ ဘွဲ့ရ (၁) ဦးရှိသော်လည်း၊ ကျေးရွာသားအများစုသည် ဆင်းရဲမှု၊ သစ်ခုတ်ဝါးခုတ်ရသောလုပ်ငန်း သဘောသဘာဝအရ ပညာရေးကို အားပေးမှုနည်းပါးသည်ကိုတွေ့ရပါသည်။

### (၂.၆.၂) ကျောင်းတက်နှုန်း

ဇယား(၂၈) ကျောင်းအပ်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၁၂ | ၇ | ၁၉ | ၁၀၅% |
| အလယ်တန်း(၁၀-၁၄နှစ်) | ၅ | ၂ | ၇ | ၃၀.၄% |
| အထက်တန်း(၁၅-၁၆နှစ်ကြား) | ၂ | ၂ | ၄ | |
| တက္ကသိုလ်ကျောင်းသား၊သူ | ၁ | ၁ | ၂ | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် (၅-၉) နှစ်ကြားမူလတန်းကျောင်းနေ အရွယ်ကလေး (၁၈) ဦးရှိပြီး၊ ၎င်းကလေးများအားလုံး (၁၀၀) % အပြင် အခြားကျေးရွာမှ ကျောင်းသားတစ်ဦးလည်းလာရောက်ကျောင်းတတ်နေပါသည်။ ကျေးရွာကျောင်းမှ (၄) တန်းအောင်သောကျောင်းသားများသည် အလယ်တန်းပညာရေး ဆက်လက်သင်ကြားနိုင်ရန်အတွက် (၅) ကီလိုအကွာအဝေးရှိသော ညောင်ချောင်းအခြေခံပညာအထက်တန်းကျောင်းခွဲတွင် သွားရောက်သင်ကြားရပါသည်။

## (၂.၆.၃) စာသင်ကျောင်းဆောင်အခြေအနေ

ဇယား(၂၉) စာသင်ကျောင်းဆောင်အခြေအနေနှင့် လက်လှမ်းမှီမှု

| အကြောင်းအရာ | မူလတန်း | | | အလယ်တန်း | | |
|---|---|---|---|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | ရွာဘေးကပ်လျက် | | | ညောင်ချောင်းကျေးရွာအလယ်တန်းကျောင်း(၅)ကီလိုမီတာ | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | လမ်းလျှောက်၊ | | | လမ်းလျှောက်၊စက်ဘီး | | |
| စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်) | ၃၀ပေ×၄၀ပေအမြင့် ၁၅ပေ တစ်ထပ်ကျောင်း | | | အလျားပေ၇၆၊ အနံပေ ၂၅၊ အမြင့်၁၈ပေ နှစ်ထပ်ကျောင်း | | |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | သွပ်မိုး၊အုတ်ကာ၊ကွန်ကရစ်ခင်း | | | သွပ်မိုး၊ အုတ်ကာ ၊အုတ်ခင်း | | |
| ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) | လုံလောက်မှုရှိ | | | လုံလောက်မှုရှိ | | |
| **ကျောင်းဆရာ/ မဦးရေ** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| | ၂ | ၃ | ၅ | ၃ | ၈ | ၁၁ |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာမူလတန်းကျောင်း၏ လက်ရှိအခြေအနေမှာ နိုင်ငံတော်အစိုးရအထောက်အပံ့ဖြင့် ၂၀၁၄ ခုနှစ်တွင် (၂၁၆) သိန်းအကုန်အကျခံကာ တည်ဆောက်သောကွန်ကရစ်အဆောက်အဦးဖြစ်ပါသည်။ ကျောင်းအိမ်သာသည်တစ်ကျောင်းလုံးအတွက် (၂) လုံးရှိကာလုံလောက်မှုရှိပါသည်။ ကျေးရွာမှ (၄) တန်းအောင်ကျောင်းသားများသည် အလယ်တန်းပညာရေးဆက်လက်သင်ကြားနိုင်ရန်အတွက် (၅) ကီလိုအကွာအဝေးရှိသော ညောင်ချောင်းအခြေခံပညာအထက်တန်းကျောင်းခွဲတွင် သွားရောက်သင်ကြားရပါသည်။ ကျောင်းတွင် ဗီရို၊ စာသင်ခုံ၊ စားပွဲစသောသင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိသည့်အပြင် အတန်းလိုက်အခန်းများကန့်ထားခြင်းမရှိသောကြောင့် ကလေးများပညာသင်ကြားရာတွင် သက်တောင့်သက်သာမရှိကြပါ။ ကလေးများအတွက်ဘောလုံးကွင်း အဖြစ်ကျောင်းရှေ့တွင်ရှိသော မြေကွက်လပ်ကို အသုံးပြုကြပါသည်။

### (၂.၆.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား(၃၀) ပညာရေးအခက်အခဲနှင့်ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ဆရာ/မ လုံလောက်မှုရှိ။ |
| တပည့် ဆရာအချိုး | ၄း၁(မူလတန်းပညာရေး) |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | ၃ ယောက် |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိသေးပါ။ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | နိုင်ငံတော်မှကျောင်းသုံးပုံနှိပ်များ၏အလုံအလောက်ပံ့ပိုးပေးထားသည့်အတွက်လုံလောက်မှုရှိသော်လည်းကျောင်းတွင်ဗီရို၊စာသင်ခုံ၊စားပွဲစသောသင်ထောက်ကူပစ္စည်းများလုံလောက်မှုမရှိပါ။ |
| အလယ်တန်းပညာရေးနှင့်ဆင်းရဲသောကျောင်းသားမိဘများ | တစ်ချို့ဆင်းရဲသောကျောင်းသားမိဘများသည်စားဝတ်နေရေးမပြည်လည်မှုကြောင့်၄င်းတို့၏သားသမီးများကိုမူလတန်းပညာရေးပြီးဆုံးချိန်တွင်ဆက်လက်ပညာသင်ကြားနိုင်ရန် မတတ်နိုင်ကြပါ။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ပညာရေးကော်မီတီကို(၅)ဦးဖြင့်ဖွဲ့စည်းထားပါသည်။ပညာရေးကော်မီတီသည်ကျောင်းနေအရွယ်ကလေးများအားလုံးအချိန်မှီကျောင်းအပ်နှံရေး၊ကျောင်းအားကစားပွဲများကိုအောင်မြင်စွာ၏ကျင်းပနိုင်ရန်ဦးဆောင်၍ဆောင်ရွက်ပါသည်။ |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ လက်ရှိစာသင်ကျောင်းတွင် ဆရာ/ ဆရာမ (၅) ဦးရှိပြီး မူလတန်းအဆင့်ကျောင်းသား/ သူ (၁၉) ဦး ရှိသောကြောင့် ဆရာမများလုံလောက်မှုရှိပါသည်။ ကျောင်းများစတင်ဖွင့်လှစ်ချိန်တွင် နိုင်ငံတော်မှကျောင်းသုံးပုံနှိပ်စာအုပ်များ ပံ့ပိုးပေးထားသည့်အတွက် လုံလောက်မှုရှိပါသည်။ ကျေးရွာစာသင်ကျောင်းတွင် မသန်စွမ်းသူများအတွက် အထူးပညာရေးအစီအဉ်များမရှိသေးပါ။ ထို့ပြင် ဆရာ/ မများနှင့် ကျောင်းသားမိဘများကြားတွင် ချိတ်ဆက်ဆောင်ရွက်မှုအားနည်းခြင်းကြောင့် မူလတန်းပညာရေးတွင် ကျောင်းသားများကျောင်းတတ်မမှန်ခြင်း၊ ကျောင်းဆရာဆရာမများ စုံလင်မှုမရှိခြင်းစသောအခက်အခဲများကိုတွေ့ရပါသည်။

## (၂.၇) ကျန်းမာရေးနှင့်အာဟာရ

### (၂.၇.၁) အဖြစ်များသောရောဂါ

ဇယား(၃၁) အဖြစ်များသောရောဂါ

| ၁. သံကောင်စွဲရောဂါ | ၂.တုတ်ကွေး | ၃. ၄က်ဖျား | ၄.ဝမ်းပျက်ဝမ်းလျှောရောဂါ |
|---|---|---|---|
| ၅. | ၆. | ၇. | ၈. |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိကလေးငယ်အများစုသည် ကာကွယ်ဆေးကိုသားဖွားဆရာမ၏ ဝန်ဆောင်မှုဖြင့် ပြည့်မီအောင်ရရှိကြပါသည်။ အဖြစ်များသောရောဂါများအနေဖြင့် သာမန်ရောဂါများဖြစ်သော သံကောင်စွဲရောဂါ ၊ နှာစေးချောင်းဆိုး ၊ တုတ်ကွေး ၊ ဝမ်းပျက်ဝမ်းလျှောရောဂါတို့ဖြစ်ပါသည်။ ကျေးရွာသားအများစုသည် ကျေးရွာနှင့်ဝေးရာတောတောင်များသို့သွား၍ သစ်ဝါးခုတ်သောလုပ်ငန်းကိုလုပ်ကိုင်ကြသောကြောင့် ငှက်ဖျားရောဂါသည် အတိုင်းအတာတစ်ခုအထိဖြစ်ပွားတတ်ကြပါသည်။

## (၂.၇.၂) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား(၃၂) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

| ကျန်းမာရေးဝန်ဆောင်မှု | ခရီးအကွာအဝေး (ကီလိုမီ တာ) | အခန်း/ကုတင်(လုံလောက်မှုရှိ/မရှိ) | ကျန်းမာရေးဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သောအသုံးအဆောင်ပစ္စည်းများ(လုံလောက်မှု/မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက်ကျန်းမာရေးဌာန | ညောင်ချောင်းကျေးရွာကျေးလက်ဆေးပေးခန်း(၅)ကီလိုမီတာ | လုံလောက်မှုမရှိ | ကျန်းမာရေးမှူး(၁) သားဖွားဆရာမ (၂) ကျန်းမာရေးလုပ်သား(၁) | လုံလောက်မှုမရှိ | |
| ဆေးရုံ | တိုက်နယ်ဆေးရုံ(၁၂)ကီလိုမီတာဂွမြို့ | လုံလောက်မှုရှိ | ဆရာဝန်.......... သူနာပြု........ ကျန်းမာရေးလုပ်သား | လုံလောက်မှုမရှိ | |
| ဆေးဆိုင် | (၁၂)ကီလိုမီတာ(ဂွမြို့ | လုံလောက်မှုရှိ | | | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ သာမန်ရောဂါများကိုကျေးရွာတွင်တာဝန်ကျသော သားဖွားဆရာမ (သို့မဟုတ်) ညောင်ချောင်းကျေးရွာ ကျေးလက်ဆေးပေးခန်းတွင်ဆေးကုသလေ့ရှိပြီး ရောဂါကြီးကြီးမားမားဖြစ်ပွားပါကကျေးရွာနှင့် (၁၁) ကီလိုမီတာကွာဝေးသော ဂွမြို့ပြည်သူ့ဆေးရုံသို့သွားရောက်၍ဆေးကုသမှုခံယူကြပါသည်။

## (၂.၈) သောက်သုံးရေနှင့်သန့်ရှင်းရေးအခြေအနေ

### (၂.၈.၁) သောက်သုံးရေရရှိမှု

ဇယား(၃၃) သောက်သုံးရေရရှိမှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း /အဆိုး | လက်ရှိလုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၆ | ကောင်း | ✔ (၂) | ✔ (၆) | ✔ (၆) | ရေတွင်း(၆) တွင်းအနက် (၂)တွင်းသာ လျှင်နွေရာသီ အတွက်သုံးရေ ရရှိပါသည်။ |
| ချောင်း | ၁ | | ✔ | ✔ | ✔ | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ရေတွင်းစုစုပေါင်း (၆) တွင်းရှိပါသည်။ (၂) တွင်းသာလျှင်တစ်နှစ်ပတ်လုံးရေရှိပါသည်။ နွေရာသီတွင်သောက်သုံးရေဖူလုံရန်အတွက် ရွာဘေးတွင်ရှိသောရေချောင်းသို့ နေစဉ်သွားရောက်၍ရေခတ်ကြရပါသည်။

### (၂.၈.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား(၃၄) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၄ | |
| ကျင်းအိမ်သာ | ၆ | |
| တောထိုင် | ၅၀ | |
| **စုစုပေါင်း** | **၆၀** | |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်ယင်လုံအိမ်သာအသုံးပြုသူ (၄) အိမ်သာရှိပါသည်။ ကျင်းအိမ်သာအသုံးပြုသူ (၆) အိမ်ရှိပါသည်။ (၅၀) အိမ်မှာတောထိုင်ခြင်းဖြင့်သာ ဖြေရှင်းကြပါသည်။ အိမ်သာကိုလုံလောက်စွာအသုံးမပြုရခြင်းမှာ အမူအကျင့်ကိုမပြောင်းလနိုင်ခြင်း၊ ကျန်းမာရေးဗဟုသုတအားနည်းခြင်း၊ နေအိမ်တွင်အမြဲတမ်း မနေထိုင်ခြင်းတို့ကြောင့်ဖြစ်ပါသည်။ တာဂန်ကျ ကျန်းမာရေးဝန်ထမ်း၏ကြီးကြပ်မှုဖြင့် အိမ်တိုင်းယင်လုံအိမ်သာအသုံးပြုရေးကို ဆောင်ရွက်နေသော်လည်း ကျေးရွာသားများအနေဖြင့် လိုက်နာဆောင်ရွက်မှု အားနဲနေသည်ကိုတွေ့ရပါသည်။

## (၂.၉) လမ်းတံတားတည်ရှိမှု

### (၂.၉.၁) ကျေးရွာများတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

ဇယား(၃၅) ကျေးရွာများတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

| လမ်းတံတား အမျိုးအစား | အမျိုး အစား (၁၊၂၊၃) | ကောင်း/ဆိုး | တည် ဆောက်ခဲ့ သောနှစ် | ရာသီအလိုက်သုံးစွဲနိုင်မှု | | လမ်းအရှည် ကီလိုမီတာ |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ် ပါတ်လုံး | |
| ရွာမှ ၇၉-သံတွဲ ကားလမ်းမသို့ သွားသောလမ်း ချဉ်းကပ်လမ်း | ၁ | ကောင်း | ၂၀၁၄ | | Â | (၂)ကီလိုမီတာ |

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

| လမ်းတံတား အမျိုးအစား | အမျိုးအစား (၁၊၂၊၃) | ကောင်း /ဆိုး | တည်ဆောက် ခဲ့သောနှစ် | ရာသီအလိုက်သုံးစွဲနိုင်မှု | |
|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ် ပါတ်လုံး |
| ရေပြွန် | ၁၂ပေ×အချင်း ၂၀လက်မ(ကွန် ကရစ်)ရှိသော (၄)ခု | ကောင်း | ၂၀၁၄ | Â | ရွာမှ၇၉-သံတွဲ ကားလမ်းမ သို့သွားသော လမ်းတွင် တည်ဆောက် |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် ရန်ကုန်-၇၉-သံတွဲ ကားလမ်းမကြီးနှင့် (၂) ကီလိုမီတာအကွာတွင်ရှိပြီး ကျေးရွာနှင့်လမ်းမကြီးကို ဆက်သွယ်ထားသောမြေသားလမ်းမှာ ၂၀၁၄ ခုနှစ်တွင် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖောက်လုပ်ပေးထားပါသည်။

### (၂.၉.၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (ကီလိုမီတာ) | ယာဉ်အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်း ရာသီ | တစ်နှစ် ပါတ်လုံး |
| မြစ်ကြောင်း | – | – | – | – |
| ပင်လယ်ရေကြောင်း | – | – | – | – |

၁ – လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ရန်ကုန်၊ ဝမြို့နှင့် သံတွဲမြို့များသို့ရောက်ရှိရန် ကုန်းလမ်းခရီးကိုသာ အသုံးပြုကြပါသည်။

## (၂.၉.၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | ဆိုင်ကယ် (စက်ဘီး) | မော်တော်ဆိုင်ကယ် | သုံးဘီး၊ ထော်လာဂျီ | ဘတ်စ်ကား | လှေ | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | ၁၂ | ၁၄ | - | - | - | ၄ |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိသောကြောင့် လှေ၊ သမ္ဗာန် တစ်စင်းမျှမရှိပါ။ ဆိုင်ကယ် (၁၄) စီး၊ စက်ဘီး (၁၂) စီးရှိပါသည်။

## (၂.၁၀) လျှပ်စစ်မီးရရှိမှု

ဇယား(၃၈) လျှပ်စစ်မီးရရှိမှု

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| ဆိုလာစနစ် | ၁၅ | သင့် | (ဝပ် ၂၀ မှဝပ် ၁၂၀) အထိ အမျိုးမျိုးအသုံးပြု |
| ဒီဇယ်သုံးအင်ဂျင် | ၄ | သင့် | မီးစက်(၂)လုံးကောင်းမွန်၍၊ကျန်မီးစက်(၂)လုံး သည်မကြာခဏပျက်တတ်ပါသည်။ |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူ လိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာမီးလင်းရေးအတွက် နိုင်ငံတော်အစီအစဉ်ဖြင့် ၂၀၁၆- ၂၀၁၇ ခုနှစ်တွင် အကောင်အထည်ဖော်ရန်အစီအစဉ်ရှိနေပြီး ဝ-သံတွဲကားလမ်းမတလျှောက်သွယ်တန်းမည့် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းနိုင်ရန် ရည်မှန်းချက်ထားရှိကြပါသည်။

## (၂.၁၁) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား(၃၉) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | အင်တာနက် | သတင်းစာနှင့်ဂျာနယ် | အခြား |
|---|---|---|---|---|---|---|
| အရေအတွက် | ၉ | ၁၂ | ၅ | – | – | – |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် CDMA ဖုန်းတစ်လုံးအပါအဝင်အထိုင်ဖုန်းနှင့် လက်ကိုင်ဖုန်းစုစုပေါင်း (၉) လုံးရှိကြပါသည်။ MPT ဆက်သွယ်ရေးကုမ္ပဏီ တစ်ခုတည်းသာရှိပြီး အခြားကုမ္ပဏီများမရှိကြပါ။ လက်ကိုင်ဖုန်းလိုင်းမိသော နေရာ (၃) နေရာခန့်သာရှိပြီး တယ်လီဖုန်းလိုင်းများမကောင်းသောကြောင့် အင်တာနက်ကိုလည်း အသုံးမပြုနိုင်ကြပါ။ ကျေးရွာတွင် တီဗီ (၅) လုံး၊ ရေဒီယို (၁၂) လုံးရှိပါသည်။

## (၂.၁၂) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား(၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

| လုပ်ငန်း | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု | ရှိ | ကျေးရွာပိုင်ကျောင်းဝိုင်းဘောလုံးကစားကွင်းတွင် အပျော်တမ်းဘောလုံးကစားကြပါသည်။ |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | လူမှုရေးပွဲများတွင် ဝန်ဆောင်မှုများပေးခြင်း |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | ကထိန်ပွဲ၊ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲများတွင် ဝန်ဆောင်မှုများပေးခြင်း |
| အားကစားပစ္စည်းများအားလက်လှမ်းမှီမှု | ရှိ | ကျောင်းဝန်းပိုင်အားကစားကွင်း၊အားကစားပြိုင်ပွဲ စသည်တို့တွင်ပါဝင် |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | ကျေးရွာအဖွဲ့အစည်းများတွင် လူငယ်အုပ်စုတစ်ခုအဖြစ်ပါဝင်ခြင်း၊စေတနာအကျိုးဆောင်အဖြစ် ဆောင်ရွက်ခြင်း |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | ရှိ | သင်္ကြန်ပွဲ၊ ညောင်ရေသွန်းပွဲတော်များတွင်တတ်ကြွစွာပါဝင်လေ့ရှိခြင်း |
| စာကြည့်တိုက်၊ အင်တာနက် စသည်များအား လက်လှမ်းမှီမှု | မရှိ | စာကြည့်တိုက်မရှိပါ။ အင်တာနက်လက်လှမ်းမမှီပါ။ |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်းတွင် လူငယ်များအတွက် အားကစားပြုလုပ်နိုင်ရန် မူလတန်းကျောင်းတွင်းရှိဘောလုံးကွင်းကို အသုံးပြုနိုင်ပါသည်။ကျေးရွာတွင်းရှိလူငယ်၊ လူရွယ်များသည် ဝါတွင်းကာလ နှင့် ဝါကျွတ်ကာလတွင် ဆွမ်းလောင်းပွဲတော်များတွင်တက်ကြွစွာပါဝင်ကြပါသည်။ လူငယ်များအတွက် အသိပညာ တိုးပွါးရေးနှင့်ဆိုင်သော စာကြည့်တိုက်၊ အင်တာနက် စသည်များအား လက်လှမ်းမှီမှုမရှိကြပါ။

## (၂.၁၃) ကျေးရွာဘေးကင်းလုံခြုံမှုအခြေအနေ

### (၂.၁၃.၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမှီမှု

ဇယား(၄၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမှီမှု

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးများအားလက်လှမ်းမှီမှု | ရှိ | MPT ဆက်သွယ်ရေးဖြင့် CDMA ဖုန်းများအသုံးပြုနိုင်ပါသည်။ |
| အာမခံလုပ်ငန်းများအားလက်လှမ်းမှီမှု | မရှိ | |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ် | မရှိ | တိကျသေချာသောအစီအစဉ်မရှိသေးပါ။ |
| ရဲစခန်းများအား လက်လှမ်းမှီမှု | ရှိ | ကန်သာယာကျေးရွာရဲစခန်းသည့်(၈)ကီလိုမီတာအကွာတွင်ရှိပြီး အကူအညီရရှိနိုင်။ |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာဘေးကင်းလုံခြုံမှုအတွက် အဓိကအားဖြင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှတာဝန်ယူလေ့ရှိပါသည်။ ထို့ပြင်စီဒီအမ်အေဖုန်းများကိုအသုံးပြု၍ ကန်သာယာကျေးရွာ ရဲစခန်းနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။

### (၂.၁၃.၂) မှုခင်းဖြစ်ပွားမှု

ဇယား(၄၂) မှုခင်းဖြစ်ပွားမှု

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| **ပြင်းထန်/မထန်** | မရှိ | မရှိ | မရှိ | မရှိ |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၉ - ၂၁ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်မှုခင်းဖြစ်ပွားမှု ကြီးကြီးမားမားမရှိပါ။ ကျေးရွာတစ်ရွာလုံးတွင် ဘာသာရေး၊ လူမျိုးရေးအထိကရုဏ်းများလုံးဝမရှိပါ။ ယေဘုယျအားဖြင့် ကျေးရွာသည်လုံခြုံမှုရှိ၍ အေးချမ်းတည်ငြိမ်သည်ဟု ဆိုနိုင်ပါသည်။

**နောက်ဆက်တွဲ (၂)**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ

| စဉ် | ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အချက်များ | ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | နိုင်ငံတော်၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည်ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုအားသွန်ခွန်စိုက်ဆောင်ရွက်နေခြင်း |
| ၂ | စိုက်ပျိုးရေး (သီးနှံ) | • မိုးရေချိန်ကောင်းမွန်စွာရရှိပါ သည်။<br>• မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပါသည်။<br>• လယ်ယာသုံး စက်ကိရိယာပစ္စည်းများ အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။<br>• TV နှင့် ရေဒီယိုများမှ ဈေးကွက်အခြေအနေသိရှိနိုင်ပါသည်။<br>• လုပ်သားအင်အားလုံလောက်မှုရှိပါသည်၊<br>• အထွက်နှုန်းကောင်းသော သီးနှံစံပြစိုက်ကွက်များအကောင်အထည်ဖော်နိုင်ပါသည်။<br>• ကွမ်းရွက်ဈေးကွက်ကောင်းမွန်ပါသည်။ |
| ၃ | မွေးမြူရေး | • ကျွဲ၊နွား၊ဝက်၊များရောင်းချရန်ဈေးကွက်ကောင်းမွန်ပါသည်<br>• ကျွဲ၊နွား၊ဝက်၊ဆိတ်၊ကြက်များကိုကျွမ်းကျင်စွာမွေးမြူနိုင်ပါသည်။<br>• ကျွဲ၊နွားအစာများ ပေါများစွာရရှိနိုင်ပါသည်။ |
| ၄ | စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအခြားလုပ်ငန်းများ | • ကျေးရွာသည်ပင်လယ်နှင့် (၅)ကီလိုမီတာခန့်အကွာတွင်တည်ရှိသောကြောင့်ရေငန်ငါးဖမ်းလုပ်ငန်းများလုပ်နိုင်၊<br>• သစ်တောထွက်ပစ္စည်းမှကုန်ချောထုတ်လုပ်သောလုပ်ငန်း(ဥပမာ-ဖျာ၊ တောင်း၊ ဆန်ကောနှင့် စားပွဲ၊ ကုလားထိုင်) ထုတ်ယူသောလုပ်ငန်းကို ဆောင်ရွက်နိုင်ပါသည်။ |
| ၅ | လျှပ်စစ်မီးရရှိမှု | • ကျေးလက်ဖွံ့ဖြိုးရေးဦးစီးသည်ကျေးလက်မီးလင်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း၊<br>• ကျေးရွာသည်ဂွ-သံတွဲကားလမ်းမတလျှောက်သွယ်တန်းမည့်မဟာဓါတ်အားလိုင်းနှင့်(၂)ကီလိုမီတာအကွာတွင်သာရှိနေခြင်း<br>• (၂၄)နာရီလျှပ်စစ်မီး၊အားကစားအထောက်အကူပြုပစ္စည်းများပံ့ပိုးမှုရရှိစေရန်ကျေးလက်ဖွံ့ဖို့းရေးဦးစီးဌာနအပါအဝင်လူမှုရေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်၊ |

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| **၁။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု**<br>• ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများတွင်အမျိုးသမီးများ၏ဦးဆောင်မှုကဏ္ဍ | • ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများမှသာ လွှမ်းမိုးလေ့ရှိခြင်း<br>• အရေးကြီးသောဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုအားနည်းနေခြင်း<br>• လူထုအခြေပြုအဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် အမျိုးသမီးဦးရေ အရမ်းနည်းနေခြင်း၊ |
| **၂။ စိုက်ပျိုးရေး (သီးနှံ)**<br>• သီးနှံအထွက်နှုန်း | • ရေလှောင်တာတမံမရှိခြင်းကြောင့်ရေသွင်းစိုက်ပျိုးရေးကို တွင်တွင်ကျယ်ကျယ်မလုပ်နိုင်ခြင်း<br>• စိုက်ပျိုးမြေဧက ထပ်မံချဲ့ထွင်ရန် မဖြစ်နိုင်ခြင်း<br>• စပါးနှင့်ကွမ်းရွက်တို့တွင်ရုံဖန်ရုံခါသီးနှံရောဂါများကျရောက်တက်ခြင်း<br>• ကွမ်းစိုက်တောင်သူများတွင်အရင်းအနှီး မပြည့်စုံခြင်း |
| **၃။ မွေးမြူရေး**<br>• တိရစ္ဆာန် ကူးစက်ရောဂါများ | • ကူးစက်ရောဂါကာကွယ်သောနည်းလမ်းများသုံးမပြုခြင်း<br>• ရောဂါဖြစ်ပွားလျှင် ဆေးမီးတိုများဖြင့်သာ ကုသခြင်း<br>• ကျေးရွာတွင် ဒေသခံ မွေးမြူရေးလုပ်သား မရှိခြင်း<br>• မွေးမြူရေးနှင့်ပတ်သက်သောသီးခြားအစုအဖွဲ့များမရှိ ခြင်း၊<br>• မွေးမြူရေးနည်းပညာနှင့်အရင်းအနှီးအားနဲခြင်း |
| **၄။ ပညာရေး**<br>• ကျေးရွာပညာရေးအဆင့်အတန်း | • တစ်ချို့မိသားစုများဆင်းရဲလွန်းသောကြောင့်သားသမီးများကို အဆင့်မြင့်ပညာဆက်လက်သင်ကြားစေရန်မတတ်နိုင်ခြင်း<br>• ဆရာ/ဆရာမများနှင့်ကျောင်းသားမိဘများကြားတွင်ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်း<br>• စာသင်ကျောင်းတွင်ကျောင်းသုံးပရိဘောဂပစ္စည်းများပြည့်စုံမှုမရှိခြင်း |
| **၅။ကျန်းမာရေး၊ သောက်သုံးရေ**<br>• ယင်လုံအိမ်သာအသုံးပြုခြင်းနှင့် နွေရာသီသုံးရေ | • အိမ်ထောင်စုအများစုသည်တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ဆိုင်သောအသိအမြင်ဗဟုသုတနည်းပါးခြင်း<br>• အိမ်ထောင်စုအများစုယင်လုံအိမ်သာစနစ်ကျင့်သုံးသည့်အလေ့အကျင့် မရှိခြင်း<br>• နွေရာသီတွင်ကျေးရွာအတွင်းရှိရေတွင်းအများစုရေခန်းခြောက်လေ့ရှိခြင်း<br>• ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိသေးခြင်း |

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| **၆။လူငယ်၊ယဉ်ကျေးမှု၊အားကစား** | |
| • လူငယ်များအတွက်အားကစား နှင့်အသိပညာဗဟုသုတ | • လူငယ်ဖွံ့ဖြိုးရေးအတွက်ရံပုံငွေအပါအဝင်အထောက်အပံ့ ကောင်းများမရှိခြင်း<br>• လူငယ်များအနေဖြင့်အင်တာနက်လူမှုကွန်ယက်များနှင့်အ လှမ်းဝေးနေခြင်း<br>• အားကစားပြုလုပ်နိုင်ရန်အထောက်အကူပစ္စည်းများမပြည့် စုံခြင်း |
| **၇။ လမ်းတံတား** | |
| • ကျေးရွာတွင်းလမ်းများ<br>• ချောင်းကူးတံတား | • ကျေးရွာအတွင်းရှိလမ်းများသွားမိုးတွင်းကာလတွင်ရွှံ့ဗွက် ထူပြီးသွား လာရခက်ခဲခြင်း<br>• ရွာထိပ်ရှိ ချောင်းကူးတံတား မကြာဏပျက်စီးတတ်ခြင်း<br>• ကျေးရွာရှိလမ်းနှင်တံတားများကိုကိုယ်ထူကိုယ်ထပြုပြင်နိုင် ရန်ငွေပမာဏများစွာလိုအပ်ခြင်း |
| **၈။ သဘာပတ်ဝန်းကျင်** | |
| | • ထင်း၊သစ်၊ဝါးအပါအဝင်သစ်တောထွက်ပစ္စည်းများအလွန် အကျွံထုတ်ယူအသုံးပြုခြင်း<br>• မြေအောက်ရေများတဖြည်းဖြည်းခန်းခြောက်လာခြင်း<br>• သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့်ပတ်သတ်သောအ သိအမြင် ဗဟုသုတနည်းပါးခြင်း |
| **၉။ <u>လျှပ်မီးလင်းရေး</u>** | |
| • (၂၄)နာရီအချိန်ပြည့်လျှပ်စစ်မီး | • ကျေးရွာတွင်ကိုယ်ထူကိုယ်ထလျှပ်စစ်မီးအသုံးပြုနိုင်သော အိမ်ထောင်စု အနည်းငယ်သာရှိခြင်း<br>• ကျေးရွာသားအများစုသည်ငွေကြေးမပြည့်စုံမှုကြောင့်လျှပ် စစ်မီးမသွယ်တန်းနိုင်ခြင်း<br>• ပင်မဓါတ်အားလိုင်းဖြတ်သန်းမည့် ၇ွ-သံတွဲကားလမ်းမနှင့် (၂) ကီလိုမီတာကွာဝေးနေခြင်း |

## ကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

ဇယား (၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

| ပြဿနာ | ဖြစ်ရသည့် အကြောင်းအရင်း | အထောက်အကူ ဖြစ်စေသည့်အချက် | အဟန့်အတား | ဖြေရှင်းနိုင်မည့် နည်းလမ်း | အဆိုပြုစီမံချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| **<u>စီမံအုပ်ချုပ်မှုစနစ်</u>** | | | | | | |
| • ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများတွင်စီမံခန့်ခွဲမှုဆိုင်ရာစွမ်းဆောင်ရည်များအားနည်းခြင်း | • ကျေးရွာ၏အရေးကြီးသောဆုံးဖြတ်ချက်များ<br>• ချမှတ်ရာတွင် အမျိုးသမီးများအပါအဝင်ကျေးရွာသားများအားလုံးပူးပေါင်းပါဝင်လေ့မရှိခြင်း<br>• ငွေကြေးစီမံခန့်ခွဲမှုနည်းပညာအားနည်းခြင်း၊<br>• ကျေးရွာသူ/သားများအနေဖြင့် လက်ရှိဦးဆောင်နေသူများကိုသာအားကိုးလွန်းခြင်း | • အစိုးရမှကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနကဦးဆောင်၍ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုအရှိန်အဟုန်ဖြင့်ဆောင်ရွက်နေခြင်း<br>• ကျေးရွာတွင်ဖွံ့ဖြိုးရေးကိုစိတ်ပါဝင်စားမှုနှင့်တတ်ကြွမှုရှိသောလူငယ်များရှိနေခြင်း<br>• နယ်မြေအေးချမ်းသာယာမှုရှိခြင်း၊ | • လက်ရှိကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အသက်ကြီးပိုင်းများကလွှမ်းမိုးလေ့ရှိခြင်း<br>• လူငယ်များအပေါ်တွင်ယုံကြည်စွာတာဝန်ပေးသောအတွေ့အကြုံမရှိခြင်း၊<br>• ဌာနဆိုင်ရာများတွင်ကျေးရွာအဆင့်အဖွဲ့အစည်းများခိုင်မာတောင့်တင်းရေးအတွက်နည်းပညာများအားနည်းနေခြင်း၊ | • ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းနှင့်စွမ်းဆောင်ရည်မြင့်မားရေးအစီအစဉ်များ<br>• ရေရှည်ဖွံ့ဖြိုးရေးအတွက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များချမှတ်ဆောင်ရွက်နိုင်ခြင်း | • ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများတွင် စီမံခန့်ခွဲမှုဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်<br>– ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း<br>– လူထုအခြေပြုအဖွဲ့အစည်းများဖွဲ့စည်းရာတွင်အမျိုးသမီးများပူးပေါင်းပါဝင်စေခြင်း<br>– ခေါင်းဆောင်မှုအတတ်ပညာနှင့်ငွေကြေးစီမံခန့်ခွဲမှု | • ကျေးလက်ဦးစီးဌာန |

| ပြဿနာ | ဖြစ်ရသည့် အကြောင်းအရင်း | အထောက်အကူ ဖြစ်စေသည့်အချက် | အဟန့်အတား | ဖြေရှင်းနိုင်မည့် နည်းလမ်း | အဆိုပြုစီမံချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | • ရေရှည်ဖွံ့ဖြိုးရေးအတွက်ဌာဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်သောအလေ့အကျင့်မရှိခြင်း | | | | သင်တန်း<br>– အဖွဲ့စည်းဆိုင်ရာနည်းဥပဒေများနှင့်လုပ်နည်းလုပ်ထုံးများ<br>– ရေရှည်ဖွံ့ဖြိုးရေးအတွက်အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍နည်းပညာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များ | |
| **<u>စိုက်ပျိုးရေး</u>**<br>စိုက်ပျိုးရေးအတွက်အရင်းအနှီးနှင့်နည်းပညာများမပြည့်စုံခြင်း | • ကွမ်းရွက်များအချိန်မှီစိုက်ပျိုးထုတ်လုပ်ရန်ရင်းနှီးငွေမလုံလောက်ခြင်း၊<br>• ကွမ်းရွက်တွင်ရံဖန်ရံခါ ရောဂါ များကျရောက်တတ်၍ ပျက်ဆီးမှုရှိခြင်း<br>• ကွမ်းရွက်တွင်ရောဂါဆန်းများကျ | • နည်းပညာရရှိရေးအတွက်ဌာနဆိုင်ရာပညာရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း<br>• အစိုးရတွင်ကျေးရွာများသို့မြစိမ်းရောင်ကဲ့သို့သောလှည့်ပတ်ရံပုံငွေထူထောင်ပေးသောအစီအစဉ်များ | • အစိုးရမှလယ်သမားများအားချေးငွေထုတ်ချေးရာတွင်ပမာဏအကန့်အသတ်ဖြင့်သာထုတ်ချေးပေးနိုင်ခြင်း<br>• စိုက်ပျိုးရေးပညာရှင်များနှင့်တောင်သူများကြားတွင်ပွင့်လင်းမြင်သာစွာချိတ် | • ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ချေးငွေနှင့်နည်းပညာရရှိရေးအတွက်ဆောင်ရွက်နိုင်ခြင်း<br>• စိုက်ပျိုးရေးပညာရှင်များနှင့်ရင်းနှီးပွင့်လင်းစွာတိုင်ပင် | • ကွမ်းစိုက်ပျိုးရေးအတွက်အရင်းအနှီးနှင့်နည်းပညာများရရှိရေးအစီအစဉ်<br>– အရင်းအနှီးရရှိစေရန်အတွက်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | |

| ပြဿနာ | ဖြစ်ရသည့် အကြောင်းအရင်း | အထောက်အကူ ဖြစ်စေသည့်အချက် | အဟန့်အတား | ဖြေရှင်းနိုင်မည့် နည်းလမ်း | အဆိုပြုစီမံချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | ရောက်ချိန်တွင်အတွေ့အကြုံရှိသူများဒေသတွင်းတွင်မရှိခြင်း | ရှိခြင်း<br>• ကျေးရွာသားများအနေဖြင့်ကွမ်းရွက်စိုက်ပျိုးရေးလုပ်ငန်းအသစ်ပေါ်တွင်စိတ်ဝင်စားမှုရှိခြင်း | ဆက်ဆောင်ရွက်သောအလေ့အကျင့်မရှိသေးခြင်း<br>• ကွမ်းရွက်ဈေးကွက်အတွက်ဧရာဝတီတိုင်းနှင့်ရန်ကုန်ဈေးကွက်ကိုအားကိုးနေရခြင်း | ဆွေးနွေး၍ကွမ်းရွက်တွင်ရောဂါဆန်းများအတွက်လည်းပညာရယူခြင်း၊ | – နည်းပညာအတွက်စိုက်ပျိုးရေးပညာရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>– ခိုင်မာသောဒေသတွင်းဈေးကွက်များစူးစမ်းရှာဖွေခြင်း | |
| **<u>မွေးမြူရေး</u>**<br>• ကျေးရွာသားများတွင်မွေးမြူရေးနည်းပညာများအားနဲခြင်း | • ကျွဲ၊နွားများတွင်ကူးစက်ရောဂါများရံဖန်ရံခါကျရောက်တတ်ပြီးပျက်စီးဆုံးရှုံးမှုများခြင်း<br>• ကျေးရွာသားများအားတိရစ္ဆာန်များကိုကာကွယ်ဆေးပြည့်မှီအောင်ထိုးနှံရန်စနစ်တကျစည်းရုံးမှုမရှိခြင်း<br>• တိမွေးကုဌာနနှင့်ကျေးရွာသားများ | • ဒေသတွင်းနွားဈေးနှုန်းများကောင်းမွန်နေခြင်း<br>• ကျေးရွာသားအချို့သည်တိရစ္ဆာန်ကာကွယ်ဆေးများထိုးနှံရန်ဆန္ဒပြင်းပြခြင်း<br>• ကျေးရွာသားများအနေဖြင့်ခေတ်မီတိရိစ္ဆာန်မွေးမြူရေးနည်းပညာများရယူရန်စိတ်အားထက် | • ကာကွယ်ဆေးများအားအာနိသင်မပျယ်စေဘဲသိုလှောင်ရာတွင်အပူချိန်အကန့်အသတ်များရှိနေခြင်း<br>• မြို့နယ်မွေးမြူရေးဌာနတွင်ဝန်ထမ်းများစွာမရှိခြင်း<br>• ကျွဲ၊နွားများသည်သစ်၊ဝါးထုတ်လုပ်သောလုပ်ငန်းတွင်အသုံးပြုနေသော | • ကျေးရွာသားများအားစနစ်တကျအမြင်ဖွင့်ခြင်းနှင့်ဒေသခံမွေးမြူရေးသင်တန်းသားမွေးထုတ်ခြင်း<br>• တိမွေးကုဌာနနှင့်ချိတ်ဆက်၍ကာကွယ်ဆေးများစနစ်တကျပုံမှန်ထိုးနှံခြင်း | • တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ်နွားမွေးမြူရေး<br>– ကျေးရွာသားများအားမွေးမြူရေးနည်းနှင့်ပတ်သတ်၍စနစ်တကျအမြင်ဖွင့်သင်တန်းများပေးခြင်း<br>– ဒေသခံမွေးမြူရေးလုပ်သားများပြုစုပျိုးထောင်မွေးထုတ်ခြင်း | |

| ပြဿနာ | ဖြစ်ရသည့် အကြောင်းအရင်း | အထောက်အကူ ဖြစ်စေသည့်အချက် | အဟန့်အတား | ဖြေရှင်းနိုင်မည့် နည်းလမ်း | အဆိုပြုစီမံချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | ကြားတွင်ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း | သန်မှုရှိခြင်း<br>• ကျွဲ၊နွားများသည် ကျေးရွာသားများအတွက်သစ်၊ဝါးထုတ်လုပ်သောလုပ်ငန်းတွင်မရှိမဖြစ်အသုံးဝင်သောတိရိစ္ဆာန်များဖြစ်ခြင်း | ကြောင့်ကျေးရွာတွင်အမြဲတမ်းမရှိနေခြင်း | | | |
| <u>ပညာရေး</u><br>• မူလတန်းပညာရေးအရည်အသွေးနိမ့်ပါးနေခြင်း | • ကျောင်းသုံးပရိဘောဂပစ္စည်းပြည့်စုံမှုမရှိခြင်း<br>• ဆရာ/မများနှင့် ကျောင်းသားမိဘများကြားတွင်ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း<br>• ကျေးရွာသားအများစုသည်ပညာရေးကိုအားပေးမှုမရှိခြင်း | • ကျောင်းကော်မတီဖွဲ့စည်းပြီးဖြစ်ခြင်း၊<br>• အစိုးရပညာရေးဌာနမှကျေးရွာစာသင်ကျောင်းများကိုပံ့ပိုးပေးသောအစီအစဉ်များရှိနေခြင်း | • ပညာရေးဌာနသည်မြို့နယ်အတွင်း၊ကျေးရွာအားလုံးရှိကျောင်းများအားလုံးသို့လိုအပ်ချက်များပံ့ပိုးရန်ဘတ်ဂျက်အခက်အခဲရှိခြင်း<br>• ကျောင်းကော်မတီတွင်သီးသန့်ရံပုံငွေမရှိခြင်း၊ | • အစိုးရပညာရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊<br>• ကျောင်းကော်မတီမှဦးဆောင်၍ရံပုံငွေတိုးပွားရေးအစီအစဉ်များချမှတ်ဆောင်ရွက်နိုင်ခြင်း | • မူလတန်းပညာရေးမြင့်မားစေရေး<br>– ကျောင်းကော်မတီမှဦးဆောင်၍ရံပုံငွေတိုးပွားရေးအစီအစဉ်များဆောင်ရွက်ခြင်း<br>– အစိုးရပညာရေးဌာနနှင့်ချိတ်ဆက်ခြင်း<br>– ကျောင်းသုံးပရိဘောဂပစ္စည်းပြည့်စုံစေရန်ဆောင်ရွက်ခြင်း | |

| ပြဿနာ | ဖြစ်ရသည့် အကြောင်းအရင်း | အထောက်အကူ ဖြစ်စေသည့်အချက် | အဟန့်အတား | ဖြေရှင်းနိုင်မည့် နည်းလမ်း | အဆိုပြုစီမံချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| **<u>ကျန်းမာရေးကဏ္ဍ</u>** | | | | | | |
| ကျန်းမာရေးတိုးတက်ကောင်းမွန်စေရန်အတွက်အစီအမံများအားနည်းခြင်း | • အချို့အိမ်များတွင်ယင်လုံအိမ်သာမသုံးသောအလေ့အကျင့်မရှိခြင်း<br>• နွေရာသီတွင်သုံးရေမလုံလောက်ခြင်း<br>• ကျန်းမာရေးအသိပညာနည်းပါးခြင်း<br>• ကျေးရွာတွင်ကျန်းမာရေးဆေးပေးခန်းမရှိသေးခြင်း<br>• မြို့နယ်သို့တင်ပြသော်လည်းယနေ့အချိန်အထိအကောင်အထည်မဖော်နိုင်သေးခြင်း | • မြို့နယ်ကျန်းမာရေးဌာနသည်အိမ်တိုင်းယင်လုံအိမ်သာသုံးစွဲရေစီမံချက်များချမှတ်ဆောင်ရွက်နေခြင်း<br>• ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌါနမှကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုအောက်ခြေအထိကွင်းဆင်းကာအရှိန်အဟုန်ဖြင့်ဆောင်ရွက်နေခြင်း<br>• ရွှေတွင်းတူးကျေးရွာသို့မြို့နယ်မှကျန်းမာရေးဆေးပေးခန်းချပေးရန်အစီအစဉ်ရှိနေခြင်း<br>• ကျေးရွာတွင်တာဝန်ကျသောသားဖွားဆရာမရှိနေခြင်း | • ကျန်းမာရေးကဏ္ဍမြှင့်တင်ရန်သီးခြားဦးဆောင်အဖွဲ့အစည်းမရှိသေးခြင်း<br>• တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ဆိုင်သောအမူအကျင့်များပြောင်းလဲရန်ခက်ခဲခြင်း<br>• တစ်ချို့အိမ်များသည်ဆင်းရဲလွန်းသောကြောင့်တစ်ကိုယ်ရေသန့်ရှင်းရေးကိုဂရုမစိုက်နိုင်ခြင်း<br>• ပင်လယ်ကမ်းစပ်ကျေးရွာဖြစ်သောကြောင့်ကမ်းစပ်တွင်အလွယ်တကူမစင်စွန့်လေ့ရှိခြင်း<br>• ကျေးရွာသားတွင်ကျန်းမာရေးဆေးပေးခန်းရရှိရေးအ | • ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအမြင်ဖွင့်သင်တန်းများရယူခြင်း<br>• အိမ်တိုင်းယင်လုံအိမ်သာအသုံးပြုရန်ကြီးကြပ်ဆောင်ရွက်ရေးအဖွဲ့ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• မြို့နယ်ကျန်းမာရေးဌာနသို့စနစ်တကျတင်ပြတောင်ဆိုနိုင်ခြင်း | • ကျန်းမာရေးတိုးတက်ကောင်းမွန်စေရန်အတွက်အစီအမံများဆောင်ရွက်ခြင်း။<br>– ယင်လုံအိမ်သာဆောက်လုပ်အသုံးပြုရန်ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းခြင်း<br>– ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအမြင်ဖွင့်သင်တန်းများပေးခြင်း<br>– ကျန်းမာရေးဝန်ထမ်းမှစနစ်တကျကြီးကြပ်စစ်ဆေးခြင်း<br>– ကျေးရွာတွင်ကျန်းမာရေးဆေးပေးခန်းအဆောက်အဦဖြစ်မြောက်ရေးဆောင်ရွက်ခြင်း | |

| ပြဿနာ | ဖြစ်ရသည့် အကြောင်းအရင်း | အထောက်အကူ ဖြစ်စေသည့်အချက် | အပာန့်အတား | ဖြေရှင်းနိုင်မည့် နည်းလမ်း | အဆိုပြုစီမံချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | တွက်တစိုက်မတ်မတ်ဦးဆောင်သောသူမရှိခြင်း<br>• ကျေးရွာသားများတွင်ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက်သောအတွေ့အကြုံနည်းပါခြင်း | | | |
| <u>**သောက်သုံးရေ**</u><br>• အိမ်ထောင်စုအများစုနေရာသီတွင်သောက်ရေဖူလုံရန်ခက်ခဲခြင်း | • အိမ်ထောင်စုအများစုနွေရာသီတွင်သောက်ရေဖူလုံရန်ခက်ခဲခြင်း<br>• ကျေးရွာတွင်သောက်ရေတွင်းစုစုပေါင်း(၆)တွင်းရှိသော်လည်းနွေရာသီတွင်ရေတွင်း(၂)တွင်းသာလျှင်သောက်ရေရရှိခြင်း<br>• လွန်ခဲ့သော(၅)နှစ်ခန့်မှစ၍မြေအောက် | • ကျေးရွာလယ်တွင်ထပ်မံတူးဖော်နိုင်ရန်ရေအရင်းအမြစ်နေရာရှိခြင်း<br>• ကျေးလက်ဦးစီးဌာနမှကျေးရွာများသောက်သုံးရေဖူလုံရေးနှင့်ပတ်သက်၍ဆောင်ရွက်ပေးနေခြင်း | • ရေတွင်းထပ်မံတူးဖော်ရေးကိုယ်ထူကိုယ်ထဆောင်ရွက်ရန်ကျေးရွာတွင်ရံပုံငွေအလုံအလောက်မရှိခြင်း<br>• ကျေးလက်ဦးစီးဌာနတွင်စီမံကိန်းကျေးရွာတိုင်း၏လိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ရန်ဘတ်ဂျက်အခက်အခဲရှိခြင်း၊ | • ကျေးရွာသောက်သုံးရေဖူလုံရေးကော်မီတီဖွဲ့စည်းခြင်း<br>• ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | **သောက်သုံးရေဖူလုံရေး**<br>– ကျေးရွာသောက်သုံးရေဖူလုံရေးကော်မီတီဖွဲ့စည်းခြင်း<br>– ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>– ရေတွင်းများထပ်မံတူးဖော်ခြင်း | • ကျေးလက်ဦးစီးဌာန |

| ပြဿနာ | ဖြစ်ရသည့် အကြောင်းအရင်း | အထောက်အကူ ဖြစ်စေသည့်အချက် | အဟန့်အတား | ဖြေရှင်းနိုင်မည့် နည်းလမ်း | အဆိုပြုစီမံချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | ရေများတဖြည်းဖြည်းခမ်းခြောက်လာခြင်း | | | | | |
| **<u>လူငယ်၊ယဉ်ကျေးမှု နှင့် အားကစား</u>**<br>• လူငယ်များတိုးတက်ဖွံ့ဖြိုးအတွက်အထောက်အပံ့ကောင်းများမရှိခြင်း | • ကျေးရွာလူငယ်အဖွဲ့တွင်ရံပုံငွေမရှိခြင်း<br>• အင်တာနက်လူမှုကွန်ယက်များနှင့်အလုမ်းကွာဝေးခြင်း<br>• အားကစားပြုလုပ်နိုင်ရန်အထောက်အကူပစ္စည်းများမပြည့်စုံခြင်း | • ကျေးရွာတွင်လူငယ်အဖွဲ့သည်အဖွဲ့အစည်းတစ်ခုအနေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်လေ့ရှိခြင်း<br>• လူငယ်များဖွံ့ဖြိုးရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်လေ့ရှိခြင်း | • ကျေးရွာတွင်လူငယ်များဗဟုသုတများဖွင့်ဖြိုးရေးအတွက်တိကျသောအစီအစဉ်များချမှတ်မထားခြင်း၊<br>• ဌာနဆိုင်ရာ၊အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုအားနည်းခြင်း | • လူငယ်များအတွက်တိုးတက်ဖွံ့ဖြိုးရေးအတွက်အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း<br>• အစိုးရဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း | • လူငယ်များတိုးတက်ဖွံ့ဖြိုးအတွက်အထောက်အပံ့ကောင်းများပြည့်စုံရေး<br>–ကျေးရွာလူငယ်အဖွဲ့တွင်ရံပုံငွေတစ်ရပ်တည်ထောင်ခြင်း<br>–လူငယ်များအတွက်အသက်မွေးဝမ်းကျောင်းသင်တန်းများ<br>–ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊ | • ကျေးလက်ဦးစီးဌာန |

| ပြဿနာ | ဖြစ်ရသည့် အကြောင်းအရင်း | အထောက်အကူ ဖြစ်စေသည့်အချက် | အဟန့်အတား | ဖြေရှင်းနိုင်မည့် နည်းလမ်း | အဆိုပြုစီမံချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| **<u>သဘာဝပတ်ဝန်းကျင်</u>** | | | | | | |
| • ကျေးရွာဝန်းကျင်တွင်သစ်တောများပြုန်းတီးလာခြင်း | • ထင်း၊သစ်၊ဝါးအပါအဝင်သစ်တောထွက်ပစ္စည်းများအလွန်အကျွံထုတ်ယူအသုံးပြုခြင်း<br>• မြေအောက်ရေများတဖြည်းဖြည်းခန်းခြောက်သွား၍အပင်ပေါက်များမရှင်သန်နိုင်ခြင်း | • မြို့နယ်သစ်တောဦးစီးဌာနမှစိမ်းစိုအစီစဉ်ဖြင့်သစ်တောများပြန်လည်စိုက်ပျိုးသောအစီအစဉ်များရှိနေခြင်း<br>• ကျေးရွာအနီးရှိသဘာဝသစ်တောတွင်သစ်ပင်ပေါက်ငယ်များ၊ ပျိုးပင်ပေါက်များအလွယ်တကူရနိုင်ခြင်း | • ကျေးရွာသားများတွင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့်ပတ်သတ်သောအသိအမြင်ဗဟုသုတနည်းပါးခြင်း<br>• စံပြသစ်တောစိုက်ကွက်များထူထောင်ရန်ဦးဆောင်မည့်သူနည်းပါးခြင်း<br>• ကျေးရွာသားများအနေဖြင့်အစိုးရဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်သောအတွေ့အကြုံနည်းပါးခြင်း | • သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်အမြင်ဖွင့်သင်တန်းများရယူခြင်း<br>• စံပြသစ်တောစိုက်ကွက်များထူထောင်နိုင်ခြင်း | • သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ခြင်း<br>– သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကော်မီတီဖွဲ့စည်းခြင်း<br>– မြို့နယ်သစ်တောဦးစီးဌာနချိတ်ဆက်ဆောင်ရွက်ခြင်း<br>– သစ်တောစံပြသစ်တောစိုက်ကွက်များထူထောင်နိုင်ခြင်း | |
| **<u>ကျေးရွာလျှပ်မီးလင်းရေး</u>** | | | | | | |
| • လျှပ်စစ်မီးမသုံးစွဲနိုင်ခြင်း | • ကျေးရွာတွင်ကိုယ်ထူကိုယ်ထလျှပ်စစ်မီးအသုံးပြုနိုင် | • ကျေးလက်ဦးစီးဌာနမှစီမံကိန်းကျေးရွာများမီးလင်းရေး | • ပင်မဓာတ်အားလိုင်းမှကိုယ်ထူကိုယ်ထလျှပ်စစ်မီးလင်းရေး | • ဌာနနှင့်ချိတ်ဆက်ဆောင်နိုင်ခြင်း၊<br>• ကျေးရွာမှထည့်ဝင်ရ | • (၂၄)နာရီအချိန်ပြည့်လျှပ်စစ်မီးရရှိရေးအစီအစဉ် | ကျေးလက်ဦးစီးဌာန |

| ပြဿနာ | ဖြစ်ရသည့် အကြောင်းအရင်း | အထောက်အကူ ဖြစ်စေသည့်အချက် | အဟန့်အတား | ဖြေရှင်းနိုင်မည့် နည်းလမ်း | အဆိုပြုစီမံချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | သောအိမ်ထောင်စု အနည်းငယ်သာရှိခြင်း<br>• ကျေးရွာသားအများစုသည်ငွေကြေးမပြည့်စုံမှုကြောင့်လျှပ်စစ်မီးမသွယ်တန်းနိုင်ခြင်း | ဆောင်ရွက်နေသည့်အစီအစဉ်များရှိခြင်း၊<br>• လျှပ်စစ်မီးရရှိရေးအတွက်ကျေးရွာသားများအနေဖြင့်စိတ်အားထက်သန်မှုရှိခြင်း<br>• ပင်မဓါတ်အားလိုင်းဖြတ်သန်းမည့် ၇၀-သံတွဲကားလမ်းမနှင့် (၂)ကီလိုမီတာသာကွာဝေးခြင်း၊ | ဆောင်ရွက်ရန်အကုန်အကျများလွန်းခြင်း၊<br>• ကျေးလက်ဦးစီးဌာနမှစီမံကိန်းကျေးရွာများအားလုံးမီးလင်းရေးဆောင်ရွက်ရန်ဘတ်ဂျက်များစွာလိုခြင်း၊ | မည့်ပစ္စည်း၊ငွေကြေးများအတွက်အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း | – မီးလင်းရေးကော်မီတီဖွဲ့စည်းခြင်း<br>– ကျေးလက်ဖွင့်ဖြိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊<br>– (၂၄) နာရီမီးလင်းရေးအကောင်အထည်ဖော်ခြင်း | |

## ရည်ညွှန်းချက်များ

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ဂွမြို့နယ်၊ ရွှေတွင်းတူးကျေးရွာတွင် ၂၀၁၅ ဩဂုတ်လတွင် ကျင်းပခဲ့သော ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

## အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| |
|---|
| ကျေးရွာ - <br> ကျေးရွာအုပ်စု - <br> မြို့နယ် - <br> တိုင်းဒေသကြီး / ပြည်နယ် - |
| စီမံကိန်းအမည် - |
| စီမံကိန်းဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ |
| စီမံကိန်းရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ) |
| စီမံကိန်းဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) |
| စီမံကိန်း ကုန်ကျစရိတ်ထည့်ဝင်မှု |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ……………………(ငွေသား) <br> • ……………………..(ငွေသား) <br> • ………………………(ပစ္စည်း/လုပ်အား) <br> • | • ကျေးလက်ဦးစီး <br> • ကျေးရွာ <br> • ကျေးရွာ <br> • |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | | | | | | | | |
| **အကျိုးခံစားမည့် ဦးရေ** | | | | | | | | |

မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄

**စီမံကိန်း အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား) |
| (၂) စီမံကိန်းစတင်မည့် အချိန် ခန့်မှန်း |
| (၃) စီမံကိန်းပြီးစီးမည့်အချိန် |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |